# MORNING

July 30, 2018

No.(1) | Issue (5)

**E-Magazine**

ဂယ်လီလီယိုဆိုတာ
ဘယ်သူလဲ၊

မင်းတုန်းမင်းနှင့်
ရတနာပုံနေပြည်တော်
စည်ပင်ဥပဒေ

တကယ်ရင့်ကျက်ပြီလား

ယုံကြည်မှုဆိုတာ
ဘာလဲ

သရော်စာကဏ္ဍသစ် ပါဝင်သည်

# Content

## Editorial


5 နည်းမှန်လမ်းမှန်ဆွေးနွေးခြင်း

## Short Story


14 အချစ်ရယ် ရမ္မက်ရယ် မေတ္တာတရားရယ် ပွတ်တိုက်ထိရှမိသောအခါ

## Poem


7 အခြေခံ


8 ငြိမ်းချမ်းရေး

## Opinion


20 တကယ်ရင့်ကျက်ပြီလား


23 မင်းတုန်းမင်းနှင့်ရတနာပုံနေပြည်တော် စည်ပင်ဥပဒေ


28 လူငယ်တို့အတွက် ဖတ်စာ - ၃

## Life Style


10 ယုံကြည်မှုဆိုတာ ဘာလဲ?


12 အနီးအဝေး

## Book Review


34 စမ်းချောင်း အင်းစိန် ဟားဗတ် (စာညွှန်း)

## Satire



34 ဗုဒ္ဓအလုပ်ရှုပ်နေသည်

# Content

## Science



36 ဂယ်လီလီယိုဆိုတာ ဘယ်သူလဲ


39 Evolution


52 ထွေလီကာလီ ယေဘုယျ ရီလေတစ်ဗတီ



အွန်လိုင်းပေါ်တွင် အခမဲ့ ထုတ်ဝေလျက်ရှိသည့် မောနင်းအွန်လိုင်း မဂ္ဂဇင်းအတွက် စာမူများ ပေးပို့နိုင်ပါသည်။

ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး စသဖြင့် မိမိနှစ်သက်စာပေအမျိုးအစားကို မိမိနာမည်၊ ကလောင်အမည်၊ ဖုန်းနံပါတ် တို့နှင့်တကွ

အောက်ဖော်ပြပါ လိပ်စာများမှ တစ်ဆင့် ပေးပို့နိုင်ပါသည်။

https://www.facebook.com/MorningMyanmar editor.morning@gmail.com

**စာမူများပေးပို့နိုင်ပါသည်။**



မှတ်ချက်။ ။ မောနင်းအွန်လိုင်းမဂ္ဂဇင်းသည် ငွေကြေးအကျိုးအမြက် တစ်စုံတစ်ရာ ရှာဖွေခြင်း မရှိသည့် အပြင် မဂ္ဂဇင်းတွင်ရေးသားနေသာ စာရေးသူအားလုံးကို၊ စာမူခ ချီးမြှင့်နိုင်ခြင်းမရှိပါ။

# နည်းမှန်လမ်းမှန် ဆွေးနွေးခြင်း

Editorial

လတ်တလော မြန်မာနိုင်ငံမှာ တိုင်ပင်ဆွေးနွေးတာတွေ အများသားပါ။ ဆွေးနွေးလို့ အောင်မြင်တာတွေက နည်းနည်းပါးပါးပါ။ သို့သော် ဒီမိုကရေစီရဲ့ လမ်းစ၊ ဆွေးနွေးခြင်းတွေ ပေါများ လာတာကတော့ တိုးတက်ရာ ကြီးပွားကြောင်း မင်္ဂလာ တစ်ပါးပဲ ဖြစ်ပါတယ်။

ဆွေးနွေးမှုတွေ လုပ်တယ်။ ဆွေးနွေးကြတယ်။ သဘောတူညီတဲ့ အချက်က နည်းနေသေးတယ်။ ဘာလို့လဲ။ အမြင်မတူလို့ပါ။ ဘာလို့ အမြင်မတူတာလဲ။ ရှုထောင့် မတူလို့ပါ။ ဒီမိုကရေစီဆန်တဲ့ ဆွေးနွေးပွဲဆိုတာ အဖွဲ့အစည်း တစ်ခုစီရဲ့ ကိုယ်စားပြုတွေ ပါရပါတယ်။ ဒီကိုယ်စားပြုတွေဟာ သူတို့အဖွဲ့အစည်းအတွက် သူတို့ ရပ်တည်ချက်နဲ့ သူတို့ ခိုင်မျာပြီးသား စိတ်ဓာတ်ကြံ့ခိုင်တဲ့သူတွေ ဖြစ်ရပါမယ်။

ဒီလို ခိုင်မာတဲ့ လူတွေ ဆွေးနွေးကြတဲ့အခါ သူ့ဘက် ကိုယ့်ဘက် အယူအဆတွေ သဘောထားတွေ မတိုက်ဆိုင်တတ်ကြပါ။ စီးပွားရေးလုပ်ငန်းရှင်ရဲ့ အမြင်နဲ့ အလုပ်သမားခေါင်းဆောင်ရဲ့ အမြင်တို့ မတူညီနိုင်သလို ပေါ့။ ဒီလို အမြင်တွေ မတူကြတဲ့အခါ ရှုထောင့်တွေ ကွဲပြားတဲ့အခါ နားလည်မှုတွေပါ လွဲမှားလာနိုင်ပြီး တစ်ဦးအပေါ်တစ်ဦးယုံကြည်မှုတွေ ပျက်ပြားစေပါတယ်။ မြန်မာနိုင်ငံမှာနဂိုကတည်းက တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ တပ်မတော်ကြား ယုံကြည်မှု မယူနိုင်သေးတာ ကို သတိချပ်လို့ရပါတယ်။

ဒါဖြင့် ရှုထောင့်တွေ ကွဲနေတာကြောင့် ဆွေးနွေးမှုတွေ ဆက်လုပ်လို့ မရတော့တာလား။ မဟုတ်ပါ၊ ရနိုင်ပါတယ်။ ဆွေးနွေးမှုကို ပုံစံတကျ ဖြစ်သွားအောင် အရင်လုပ်ရမှာပါ။

၁။ ဆွေးနွေးပွဲလာတဲ့ လူတိုင်းဟာ အဖွဲ့အစည်း တစ်ခုကိုသာ ကိုယ်သာ ကိုယ်စားပြုပြီး အမှန်တကယ် ထိုအဖွဲ့အစည်းအတွက် မြှုပ်နှံထားသူ စိတ်ဓာတ် ခိုင်မာသူ ဖြစ်ရမယ်။ ဒါမှသာ သွေးဆောင်မှုတွေ ရှိခဲ့ရင်တောင် မဖောက်မပြန်

ဆုံးဖြတ်နိုင်မှာပါ။

၂။ ဆွေးနွေးတဲ့ နေရာဟာ လုံလောက်တဲ့ တည်ငြိမ်မှု၊ အေးချမ်းမှု၊ ငြိမ်းချမ်းမှု ရှိရပါမယ်။ ဘယ်လောက်တောင် အေးအေးဆေးဆေး ဖြစ်ရမလဲ ဆိုရင် လမ်းလျှောက်ရင်း ဆွေးနွေးလို့ ရလောက်အောင် ဖြစ်ရမယ်။ ဒါမှသာ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်နိုင်မှာပါ။ သေသေချာချာ စဥ်စားနိုင်မှာပါ။ လမ်းလျှောက်ရင်း စကားပြောကြ၊ ပြက်လုံးတွေထုတ်ကြ၊ ဒီလိုနဲ့ ခေါင်းဆောင်တွေကြား ရင်ဘတ်ချင်း နီးတဲ့ ခံစားမှုကို ရစေမှာပါ။ ဒီလို အနားယူမှု တစ်ခု ဖြစ်စေဖို့ ပွဲစီစဥ်သူ အဖွဲ့အစည်းက အဓိကပါ။ ခုပြုလုပ်နေကြတဲ့ ဆွေးနွေးပွဲတွေကို ကြည့်ပါဦး၊ သတင်းထောက်တွေနဲ့ ဆူညံပြီး လူများတဲ့ ရုံးစိုက်ရာ နေရာမျာပါ။

၃။ ဦးတည်ရာ အကြောင်းတွေဟာ ဖြစ်နိုင်ခြေ ရှိတာတွေသာ ဖြစ်ရပါမယ်။ ဖြစ်လာနိုင် မလား ဆိုတဲ့ ခန့်မှန်းပြီး ပြောတဲ့ မေးခွန်းတွေကို ရှောင်ရှားရမှာပါ။ ဒါ့အပြင် ဖြစ်သင့်တယ်ဆိုတဲ့ စကားတွေကိုလည်း တတ်နိုင်သမျှ ထိန်းသိမ်း ရပါမယ်။ ဒီလိုဆောင်ရွက်ရင် ဒီလိုတော့ ဖြစ်နိုင် မယ်ဆိုတဲ့ အချက်ကိုသာ ဦးတည်ရပါမယ်။

ဒါကတော့ ဆွေးနွေးမှု ပုံစံတကျ ဖြစ်အောင် တည်ဆောက် ကြည့်တာပါ။ ဘာတွေ ဆွေးနွေးမလဲ ဆိုတာကို အသာထား၊ ဘယ်လို ဆွေးနွေးမလဲဆိုတာကသာ မသိမသာနဲ့ အရေး ပါနေပါတယ်၊ ဒါ့ကြောင့် ဒီတစ်ခေါက်မှာတော့ အယ်ဒီတာ့ စားပွဲကနေ နည်းမှန်လမ်းမှန် ဆွေး နေခြင်းနဲ့ ပတ်သက်ပြီး တင်ပြလိုက်ရပါတယ်။

**အယ်ဒီတာ**


**Morning E-Magazine**

| | | |
|---|---|---|
| Editor in chief | - | Toe Tat Aung (Bago) |
| Editors | - | Thura Aung |
| | | Khin Chue Thar |
| Design & Layout | - | Morning |
| Blog | - | https://morningmm.blogspot.com |
| Facebook | - | https://www.facebook.com/morningmyanmar |
| email | - | editor.morning@gmail.com |

# အဖေခြံ

သမုဒ္ဒရာ ဝမ်းတထွာတဲ့
ချမ်းသာဖို့မမျှော်လင့်ပါဘူး။
ရှေ့ဆက်မယ့် မနက်ဖြန် နပ်မှန်ရင်ပဲသုခပါ။
အတိတ်ကိုပြန်ဖော်လဲ နပ်ကျော်စားခဲ့ရတဲ့ဘဝ
အသားကျနေခဲ့ပြီ ..?

သား လူလေး ..
ဗိုက်ဆာရင် ငြိမ်ငြိမ်လေးအိပ်နေ
မင်းအဖေပြန်အလာ
ဆန်ပါမှချက်စားကြတာပေါ့

ခပ်လှန်းလှန်းက ဖြတ်သန်းသွားတဲ့ လူတွေကြားမှာ
အိမ်အပြန် ဆန်ဝယ်ဖို့တွေး ရင်လေးနေသူတွေလဲပါမယ်။

ဒီနေ့အတွက် တနပ်စာဆန်နဲ့ဆီ လက်မှာချိတ်
တိတ်တိတ်လေးပြန်အလာ
ကောင်းကင်မှာလျှပ်တွေလက်လို့
ဒီညလည်း ...
ငုတ်တုတ်အိပ်ရဦးမယ်။

ဒီညနေ(နမ့်တော)

ငြိမ်းချမ်းရေး

.....

ဆူးတစ်ချောင်းလို တာဂန်ကျေမိတော့

လူမုန်းတာခံရ၊

ဖိနပ်တစ်ရံလို ရိုကျိုးမိတော့

ချနင်းတာခံရ၊

ကဲ ... ဘယ်နေရာများ စိတ်ကျေနပ်မှုရမလဲ၊

လူဆိုတာ အနိုင်အရှုံးတွက်ဆကြတယ်

ဘာအတွက်လဲ၊ ဘယ်မှာလဲ . ငြိမ်းချမ်းရေး

ပြိုင်ပွဲတွေနဲ့ အနိုင်ယူနေကြတာ ဖြစ်တန်စွမ်းပွဲမလား

မောရပါတယ်။

..

မိုးညလူလူ(သာပေါင်း)




ငယ်ငယ်က စာမရရင် ငိုနေတတ်တယ်။ ကျွန်မငိုရင် တစ်အိမ်လုံးဝိုင်းပြီး စာကူကျက်ပေးကြတယ်။ အထူးသဖြင့် ကျွန်မ အစ်မပေါ့။ အဖေနဲ့အမေကဘေးကချော့လိုက် ချောက်လိုက်ပေါ့။ အဖေကငိုတာကိုမကြိုက်ဘူး။ ဘာကြောင့်ငိုငို မရဘူး။

အရွယ်လေး ရလာတော့ ကျွန်မ စာမရရင် စိတ်ပူတတ် လာတာကလွဲလို့ မငိုတော့ဘူး။ အဖေက ပြောတယ်၊

"ငါ့သမီး လုပ်နိုင်ပါတယ်၊ ကိုယ့်ကိုယ်ကို ဆန်းစစ်ပြီး လုပ်နိုင်သလောက်ဘဲ လုပ်"တဲ့။

ကျွန်မကိုယ်ကျွန်မ ပြန်မေးတယ်။ "ကျွန်မ စာတွေအများကြီး ရချင်လား" ဆိုတော့ မရချင်ဘူး။ အဲ့ဒီတော့ပြန်တွေးတယ်။

"အဖေက ငါ့ကို လုပ်နိုင်သလောက် လုပ်ခိုင်းတာဘဲ၊ ငါဆရာဝန် ဖြစ်ချင်တာလည်း မဟုတ်ဘူး၊ အင်ဂျင်နီယာ လည်း မဖြစ်ချင်ဘူး၊ ငါလည်း စာကျက်နိုင်တာမဟုတ်ဘူး" အဲ့ဒီ အခါ ဘာတွေးလာရလဲ ဆိုတော့ ကိုယ်ဘာဖြစ်ချင်လဲ ဆိုတာပဲ။

ကျွန်မက ဘာနဲ့ သင့်တော်လဲ။ ဘာကြိုက်လဲ မေးလာရပြီ။ ကျွန်မ စာသင်ရတာ ကြိုက်တယ်၊ စာဖတ်ရတာကြိုက်တယ်၊ အေးအေးချမ်းချမ်း နေပြီး စာရေးရတာကိုကြိုက်တယ်။ အဲ့ဒီတော့ ကျွန်မကိုယ်ကျွန်မ ပုံဖော်ချင်စိတ် ပေါက်လာတယ်။

ကျွန်မကို နားလည်လာတော့ အဖေက ပြောတယ်။ "လူတစ်ယောက်ဟာ သူ့ကိုယ်သူ ရှာဖွေနိုင်ဖို့လိုတယ်၊ မိဘက ပြောနေစရာ မလိုဘူး၊ ကိုယ့်ကိုယ်ကို တွေ့တာနဲ့ သူဘာလုပ်ရမလဲ သူသိတယ်"တဲ့။ မှန်ပါတယ်။ အဖေပြောသလို ကျွန်မ ဖြစ်ချင်တာကို သိလာတဲ့ အချိန်မှာ

ကျွန်မကို ဘယ်သူကမှ ဘာလုပ်ပါလို့ မပြောတော့ဘူး။ စာမကျက်ချင်တဲ့ အချိန် ဆူတာမျိုး မရှိဘူး။

တစ်ခုရှိတာက ကျွန်မသူတို့ကို အကူအညီတောင်းရင်တောင်းမယ် အကြံဉာဏ် မတောင်းဘူး။ ကိုယ်ဆုံးဖြတ်နိုင်တဲ့ ကိစ္စလောက်ကို သူတို့ဘယ်လောက် အကြံကောင်းပေးပါစေ လက်မခံတတ်ဘူး။ အဲ့ဒီ နေရာမှာ အဖေနဲ့ ကျွန်မတော်တော်တူတယ်။

ဘယ် အကြံဉာဏ် မျိုးကိုမဆို အလွယ်တကူ မစဉ်းစားဘဲ လက်မခံဘူး။

"သမီး ဘာလုပ်သင့်လဲ" လို့မေးရင်မေးမယ်။

"သမီး ဘာလုပ်ရမလဲ " လို့မမေးတတ်ဘူး။

သူတို့ကလည်း "သမီး ဘယ်လို လုပ်လိုက်"လို့ ပြောဖို့ထက် "သမီး ဘယ်လိုလုပ်တာကောင်းမယ်ထင်လဲ"အရင်ပြန်မေးတယ်။

အရင်က ကျွန်မနားမလည်ခဲ့ဘူး။ အဖေက ငါတို့ကို ဘာလို့ ကျောင်းလိုက် မအပ်ပေးတာလဲ။ အဖေက ငါတို့ကို ဘာလို့ ကိုယ့်ဘာသာလုပ်ခိုင်းတာလဲ။ ဘာလို့ ညီမနှစ်ယောက်တည်း ခရီးထွက်ခိုင်းတာလဲ။ ဘာလို့ ကျောင်း လခပေးခါနီးရင် ပညာရေးစနစ်ကြီး ထည့်ထည့် ပြောတာလဲ။ တော်တော် နားမလည်ခဲ့တာပါ။

ကျွန်မအရွယ်ရောက်လာတဲ့အခါနားလည်လာခဲ့တယ်။ ကျွန်မတို့ကို အပြည့်အဝ ယုံကြည်လေးစားတဲ့ မိဘတွေရခဲ့ပြီဆိုတာ။ သူတို့ စိတ်ထဲမှာ "ငါ့သားသမီးတွေက သူ့တို့ဘာသာအကောင်းဆုံး ဆုံးဖြတ်နိုင်တယ်" ဆိုတဲ့ ဂုဏ်ယူမှုရှိတယ်။

မိဘကအထင်ကြီး လေးစားတာခံရတဲ့ သားသမီးတွေဟာ မိဘကွယ်ရာမှာ မဟုတ်တာလုပ်ရမှာ သိပ်ရှက်တတ်တယ်။ မိဘယုံကြည်မှုကို အလွဲသုံးစားလုပ်လိုက်ရင် မိဘကို စော်ကားသလိုဖြစ်မှန်း သိတယ်။

မိဘက ယုံကြည်မှုပေးတယ်။ သားသမီးက အဲ့ဒီယုံကြည်မှုကို တန်ဖိုးထားတယ်၊ ထိန်းသိမ်းတယ်။

မိဘနဲ့သားသမီးကြားမှာ နားလည်မှု ရှိတယ်။ ဒီတော့ ကျွန်မတွေးမိလာတယ်။ ပတ်ဝန်းကျင်က ယုံကြည် လေးစားအောင်နေ တဲ့သူ၊ ပတ်ဝန်းကျင်က တန်ဖိုးထား လောက် အောင်ကိုယ့်ကိုယ့်ကို တန်ဖိုးထားတဲ့သူကို ဘယ်သူမဆို ယုံကြည်လေးစားတန်ဖိုးထားတယ်။

မိဘကရော ပတ်ဝန်းကျင်ကရောကိုယ့်ကို မယုံဘူး။ ပေးသမျှ ယုံကြည်မှုတွေကို ခဏခဏ ဖျက်စီးနေရင်တော့ အဲ့ဒီယုံကြည်မှုကို ပြန်တည်ဆောက်ရတာ ခက်တယ်။ လူ တော်တော်များများက ယုံကြည်မှုမရလို့ စိတ်ညစ်ကြရတယ်။ ဒါပေမယ့် ယုံကြည်မှုဟာ ဘာကြောင့် ရသင့်ရထိုက်တာလဲဆိုတာ မသိကြဘူး။

ယုံကြည်မှုလိုချင်တဲ့သူက ကိုယ်လိုချင်တဲ့ အပေါ်မှာ လေးနက်တည်ကြည်တဲ့ သစ္စာတရား၊ လေးစားမှုရှိရတယ်။

ကိုယ်တိုင် မဖျက်စီးပစ်ရဘူး။ ကိုယ့်ကို ယုံကြည်တဲ့လူရဲ့နောက်ကွယ်မှာ မဟုတ်တာလုပ်ရမှာ၊ တွေးရမှာ၊ ပြောရဆိုရမှာတွေကို ရှက်တတ်ရတယ်။

ကိုယ်က အဲ့ဒီလောက် လေးနက် တည်ကြည်မှု၊ ခိုင်မြဲမှုမရှိဘဲနဲ့ ကိုယ့်စိတ်ကိုယ်တောင် မယုံကြည်ရဲဘဲ သူများဆီက ဘာ ယုံကြည်နားလည်မှု၊ တန်ဖိုးထား လေးစားမှု မှရမှာ မဟုတ်ဘူး။

အချုပ်ပြောရရင် ယုံကြည်မှုဟာ အပြန်အလှန် လေးစားတန်ဖိုးထားမှု၊ အပြန်အလှန် နားလည်မှု သစ္စာတရားကနေ လာပါတယ်။ မိဘနဲ့ သားသမီး၊ သူငယ်ချင်းနဲ့ မိတ်ဆွေ၊ ချစ်သူဆိုတာမှာပါ ကိုယ့် ကိုယ်ရည်ကိုယ်သွေးကနေ ဖြစ်လာတဲ့ လေးစားတန်ဖိုးထားမှုပေါ်မူတည်ပြီး ယုံကြည်နားလည်မှုတွေလည်း ကွာသွားရပါတယ်။

အဲ့ဒီ့ကနေ ကိုယ်ဘယ်လိုလူမျိုးလဲ ဆိုတာ ထပ် ကွဲပြားသွားပါတယ်။

ချစ်တဲ့

ခင်ခြူးသာ

# အနီးအဝေး

မနိုး



ဒီနေ့ ကျွန်မရပ်ပြီး ကားစောင့်နေတဲ့ နေရာနားမှာ ကောင်လေး သုံးယောက် ခေါင်းတွေကုတ်ပြီး အချင်းချင်းတိုးတိုး တိုးတိုး လုပ်နေကြတာတွေ့လိုက်တယ်။ သူတို့ပုံကြည့်ရတာ ချွေးတွေနဲ့ မောပမ်းနေပုံ။ ခဏနေတော့ သူတို့ထဲက တစ်ယောက် ကျွန်မနားရောက်လာပြီး သူတို့ သွားချင်တဲ့နေရာကိုမေးတယ်။ ဒီလမ်းက ဆက်သွားရင် ရောက်သလားတဲ့။

ကျွန်မလည်း အံ့သြပြီး အဲဒီလမ်းက ဒီလမ်းထိပ်ရဲ့အဆုံးကနေ ဘတ်စ်ကားစီးပြီး သွားရမှာလေလို့ ပြန်ပြောလိုက်တော့ ဟာဗျာ ခုပဲ အဲနေရာက ပြန်လာတာ အဝေးကြီး ပြန်လျှောက်ရတော့မှာပေါ့တဲ့။ အမှန်တော့ သူတို့ ပြောတဲ့ အဝေးကြီးဆိုတာ ကားဂိတ် တစ်ခုစာ တောင်မရှိ ပြန်လျှောက်မယ်ဆို ယောက်ျားလေး ခြေလှမ်းနဲ့ဆို ၁၀ မိနစ်လောက်ပေါ့။ လမ်းမှား သွားပြီဆိုပြီး စိတ်ပျက်နေတဲ့ ကလေးတွေကိုကြည့်ပြီး ဆိုက်ကားစီးသွားလေ ဆိုတော့လည်း ခေါင်းယမ်းတယ် ဒီလူအုပ်နဲ့ ဆိုက်ကားနဲ့ မဖြစ်ပါဘူးတဲ့။ ဒီကနေ ဆက်သွားရင် မဖြစ်ဘူးလားဗျာတဲ့။

ဒါနဲ့ .. အင်း ဒီလမ်းကနေ ဆက်သွားမယ်ဆိုရင် ရတော့ရတယ်။ ဒီကနေ ဟိုဘက် လမ်းထိပ်ကို လျှောက်၊ အဲဒီကနေ နောက်ထပ် ဘလောက်တစ်ခု ထပ်လျှောက်ရမယ်ဆိုတော့ ကျေးဇူးပဲ အဲဒီလမ်းကနေပဲသွားတော့မယ်ဆိုပြီး ဝမ်းသာအားရ ထွက်သွားကြပါလေရော။ သူတို့ ပုံစံက နောက်ပြန်မလှည့်ရရင်ပြီးရောထင်ပါရဲ့။ ဟဲ့ အဲဒီလမ်းက ပိုဝေးတယ်လေဆိုတဲ့ ကျွန်မ စကားသံက သူတို့ အမြန်ကူးသွားတဲ့ လမ်းမပေါ်က ကားသံတွေကြားထဲမှာ ပျောက်ကွယ် သွားပါတယ်။

ကမန်းကတန်း ထွက်သွားတဲ့ ကောင်လေးတွေကို ကြည့်ပြီး ကျွန်မ အတွေးတွေ သူတို့နဲ့ အတူလိုက်သွားတယ်။ တကယ်ဆို ငါးမိနစ်လောက်သာ ပြန်လျှောက်ရမယ့် လမ်းပေမယ့် သူတို့ မောပမ်းစွာ လျှောက်လှမ်းခဲ့ရလေတော့ အလှမ်းဝေးတဲ့လမ်းလို့ ပြန်လျှောက်ရမှာ ခက်ခဲနေတယ်။ သူတို့ အသစ် လျှောက်ရမယ့် လမ်းကမှ ကိုယ်တိုင်လည်း မမြင်ဖူးသေးတဲ့ လမ်းဖြစ်တဲ့အပြင် မူလ လျှောက်ခဲ့ပြီးတဲ့ အကွာအဝေးထက် နှစ်ဆလောက်ပိုဝေးပါတယ်။ ဒါပေမယ့်ဒီလမ်းသစ်ကိုပဲသူတို့ကျေကျေ နပ်နပ် ရွေးချယ်သွားကြတယ်။

ကျွန်မတို့မှာ ကိုယ်လိုချင်တဲ့ ခရီးပန်းတိုင်တစ်ခုကိုရောက်ဖို့ ရွေးချယ်စရာလမ်းက နှစ်လမ်း ရှိနေတယ်။ တစ်လမ်းက ကိုယ်လျှောက်ခဲ့ဖူးတဲ့လမ်း ပထမအကြိမ်မှာ မသိဘဲ ရမ်းသမ်းလျှောက်ခဲ့ရတော့ ရောက်နိုးနိုးနဲ့ မျှော်လင့်ပင်ပန်းတယ်။ ဒါပေမယ့် ဒီလမ်းထဲမှာ ဘာတွေရှိမှန်း ဒီလမ်းနောက်မှာ ဘယ်ကိုရောက် မှန်းကိုယ်သိပြီ။ နောက်တစ်လမ်းက ရောက်တော့ရောက်မယ်။ မူလလမ်းထက် နှစ်ဆပိုဝေးတယ်။ ဒါပေမယ့် မမြင်ဖူးသေးတဲ့လမ်း အဆန်းဖြစ်တယ်။ လမ်းထဲမှာ ဘာတွေရှိမှန်းမသိ။ လမ်းဆုံးမှာ ဘယ်လိုရှိမှန်းမသိ။

ဒီတော့ ဘယ်လမ်းကိုရွေးမလဲ။

ရင်းနှီးခဲ့ဖူးတဲ့လမ်းကိုအစကပြန်လျှောက်မလား။ ဒါမှမဟုတ် ပင်ပန်းခဲ့တဲ့ လမ်း ထပ်အပင်ပန်းမခံချင်လို့ လမ်းသစ်ကိုခြေချမလား။ ပထမလမ်းထက် နည်းနည်းပိုဝေးပေမယ့် ဒီလမ်းသစ်က ပိုကောင်းမလား။ ကိုယ်လိုချင်တဲ့ အရာအသစ်အဆန်းတွေများရှိနေမလား။ ဒီလမ်းသစ်က ပိုနီးချင်တောင် နီးမှာပါလို့ မျှော်လင့်ရင်းနဲ့ပေါ့။

လမ်းဟောင်းကြီးကို ပြန်ခြေချမလား။ လမ်းသစ်က ပိုစွန့်စားထိုက်သလား။ ရွေးချယ်ဖို့ကတော့ ကာယကံရှင်ရဲ့ အဆုံးအဖြတ်ပါပဲ။

ကျွန်မတို့ဟာ ကိုယ်လျှောက်ရမယ့် လမ်းဟာ ပိုနီးမှန်းသိပေမယ့် တစ်ကြိမ်တစ်ခါ ပင်ပင်ပန်းပန်း လျှောက်ခဲ့ရဖူးတော့ ဒီလမ်းကို ပြန်လျှောက်ရမှာ ဂန်လေးနေတတ် ကြပါတယ်။ ရတ်တရက်တော့ ပိုဝေးတယ်လို့တောင် ခံစားမိပါတယ်။ ဒါကြောင့် စိတ်သစ်လူသစ်နဲ့ လမ်းအသစ်ကို ရွေးချယ်လိုက်မိပြီး နောက်တော့မှ မူလလမ်းကို ငါပြန်လျှောက်ခဲ့ရကောင်းသားလို့ မောပမ်းတကြီး နောင်တရချင်လည်းရပေါ့။

ဘယ်လောက်နီးနီး ဘယ်လောက်ဝေးဝေး။

လောလောဆယ်မှာတော့ မောပမ်းနေပြီဖြစ်တဲ့ ကျွန်မတို့ အတွက် ကိုယ်ရွေးလိုက်တဲ့ လမ်းဟာ ကိုယ့်အတွက် ပိုပြီးနီးစပ်မှုရှိတဲ့၊ ပိုပြီး သက်တောင့် သက်သာ ရှိမယ်ထင်တဲ့ လမ်းတစ်ခုပါပဲ။

**မေတ္တာဖြင့်**

**မနိုး**

No.1, Issue.4 မှ အဆက်

# အချစ်ရယ် ရမ္မက်ရယ် မေတ္တာတရားရယ် ပွတ်တိုက်ထိရှမိသောအခါ (၂)

ခြူး (မြန်မာပြည်)
နော်အိမ့်ခြူးမိုးမြင့်

သူမ စိတ်တွေဒီရက်ထဲ သိပ်မူမမှန်တော့ပါဘူး ။ သိပ်ချစ်ပါတယ် ။ သိပ်မြတ်နိုးပါတယ်ဆိုတဲ့ ယောကျ်ား တစ်ယောက်က မယုံနိုင်လောက်တဲ့ လုပ်ရပ်ကြီး တစ်ခု လုပ်နေတာ သိလိုက်ရတဲ့အခါသူမ ယုံကြည်ခဲ့တဲ့လူ ရဲ့အချစ်တွေ ၊ သူမ ထားခဲ့တဲ့အချစ်တွေကြောင့် သူမ ခံနိုင်ရည်မရှိ ခဲ့ပါဘူး ။

သူမ ကို သိပ်ချစ်ပါတယ်လို့ ထင်ထားခဲ့တဲ့လူ .. သူမ ကလည်း သိပ်ချစ်တဲ့ လူ .. အဲ့ဒီလူက ဒီလုပ်ရပ် ကြီးလုပ်နေတာ သူမ သိလိုက်ရတဲ့အချိန် သူမ ရူး မတတ်ဖြစ်ခဲ့ရတယ် ။ ယုံကြည်ထားတဲ့ ယောကျ်ား တစ်ယောက်ရဲ့ ဖောက်ပြန်မှုကို ဘယ်မိန်းမက ခံနိုင် ရည်ရှိပါ့မလဲ ။

အချစ်တစ်ခု ဟာ ခန္ဓာကိုယ် ပြောင်းလဲလာတာ နဲ့အမျှ ပြောင်းလဲ လာနိုင်လို့လား တဲ့ .. ။

သူမ အရိုက်ကိုထိခဲ့တဲ့ စကား ။ သူမ အသက် ၃၀ ကျော် ၄၀ နီးလာတာနဲ့အမျှ ၂၀ ကျော် အရွယ်လောက်ကတော့ မလှတော့ပါဘူး ။

အဲ့ဒါကြောင့် သူ့အချစ်တွေ ပြောင်းလဲ ကုန်တာလား ။ ဒါဆို သူချစ်ခဲ့တာ သူမကို မဟုတ်ဘဲ သူမ ရဲ့ ပျိုမြစ်မှုနဲ့ အလှတရားကိုလား ။

ကားမောင်းရင်း အတွေးတွေက ယောက်ယက် ခတ်နေပါတယ် ။ လိပ်စာအရ ဒီရပ်ကွက်ပဲ ဖြစ်ရမယ် ။ လိပ်စာကိုတစ်ချက်ပြန်ကြည့်မိတယ် ။ ဟုတ်တယ် ဒီရပ်ကွက် ပဲ ။

လမ်းက ရေဗွက်အိုင်တွေနဲ့ ကားဆက်မောင်းဖို့ ဘယ်လိုမှ အဆင်မပြေနိုင်တော့တာမို့ သူမ ကားရပ်ပြီး လမ်းဆင်းလျှောက်ဖို့ ဆုံးဖြတ်လိုက်ပါတယ် ။

လမ်းက တကယ့်ကို အခြေအနေဆိုးဝါးလှတာမို့ အဝတ်တွေ မပေအောင် ထိန်းလျှောက်ရပါတယ် ။ အိမ်တွေကလည်း တကယ့်ကို ဝါးထရံတွေနဲ့ ဖြစ်နေပြီး သစ်နဲ့ဆောက်ထားတာ တစ်အိမ်မှတောင် မတွေ့မိပါဘူး ။ ဟိုကောင်မလေးပြောတာ တကယ်များ ဖြစ်နေမလား ။ ထွင်တဲ့ ဇာတ်လမ်းမဟုတ်ဘဲ တကယ် ပဲ သူ့ဘဝ အခြေအနေမှန်လား ။

အိုး .. သနားနေဖို့ အချိန်မရှိဘူး ။ သူ့ အုပ်ထိန်းသူနဲ့တွေ့မယ် ။ အခြေအနေမှန်ကို ပြောပြမယ်

။ သူကိုယ်တိုင်ကမှ နောက်မဆုတ်ရင် သူ့အုပ်ထိန်းသူကိုပြောရမှာပဲ ။

ကြုံးဝါးရင်း လျှောက်လာတဲ့ သူမ ခြေလှမ်းတွေဟာ မြင်ကွင်းတစ်ခုကြောင့်ရပ်တန့်သွားပါတယ် ။

"ဝသုန်ခင်"

သူမ တီးတိုးရေရွတ်လိုက်မိတယ် ။ ဝသုန်ခင် က ပေရေနေတဲ့ ကလေးငယ်တွေကြား ရှိနေတာပါ ။ ဝသုန်ခင် သူမ ကို မမြင်ခင် အကွယ်တစ်ခုနောက်မှာ အမြန်ပုန်းရှောင်လိုက်ပါတယ် ။

"မမ ဒီတစ်ခါပြန်လာတာ သားတို့တွက် မုန့်တွေ မပါဘူးလား "

"ပါပ့ါဟယ် "

ပြောရင်း ဝသုန်ခင် က သူမကျောပိုးအိတ်ထဲက မုန့်ကြွပ်တွေ ဘီစကစ်တွေကို ထုတ်ပြီး ကလေးတွေကို ပေးလိုက်သည် ။

"ဝေစားကြနော် .. မလုကြနဲ့ .. အားလုံး ညီတူမျှတူ ယူကြ "

ကလေးတွေပျော်ရွှင်စွာ ထွက်သွားပြီးနောက် ဘေးနားမှာ ရပ်နေတဲ့ အဒေါ်ကြီးတစ်ယောက်က

"ဝသုန် ရယ် ညည်းနဲ့ မုန့်တွေဝယ်လာပြန်ပြီး .. ညည်းအမေ ဆေးဖိုး ညည်းညီမတွေ စရိတ်နဲ့ အပိုမကုန်ချင်ပါနဲ့ ဟယ် "

"ကြီးတော် ရယ် ဝသုန် က စေတနာရှိလို့ပါ ။ ပြီး အကြာကြီးနေမှ တစ်ခါပြန်လာတာ တစ်ခါတစ်လေ ဝသုန့်တွက် ဘယ်လောက်မှမကုန်ပါဘူး"

အဟင်း .. ဒီမုန့်တွေက မင်း တို့အမျိုးသားဆီက ရထားတာနဲ့ ယှဉ်ရင် သိပ်ပါးမွှားပါကွာ ...

သူမ စိတ်ထဲက ကြိတ်လှောင်ကာ ပြောမိသည် ။

ဝသုန်ခင် က ထိုအဒေါ်ကြီးကိုနှုတ်ဆက်ပြီး အနီးနားက ဝါးအိမ်ထဲ ဝင်သွားသည် ။ သူမ ဒီတိုင်းပဲ ကြည့်နေစဉ် ခနဲ့တဲ့တဲ့ ဝါးအိမ်ထဲက အမျိုးသမီးအိုကြီး တစ်ယောက်ကို တွဲရင်း ဝသုန်ခင် ပြန်ထွက်လာသည် ။

အိမ်ရှေ့က ဝါးပက်လက် ကုလားထိုင်မှာ အမျိုးသမီးအိုကြီးကို ထိုင်စေပြီး ဝသုန်ခင် က သစ်သားခွေးခြေပု မှာ ထိုင်ပြီးနောက် ..

"အမေရယ် အပြင်မှာအေးပါတယ် .အိမ်ထဲမှာ လှဲနေပါလား သိပ်လည်းနေကောင်းတာမှမဟုတ်တာ "

"အကြာကြီး ထိုင်မှာမှ မဟုတ်တာ သမီးရယ် .. ဒီတိုင်း နေရောင်လေးကို ခဏလုံပြီးရင် ပြန်ဝင်လဲနေမှာပါ "

"ငြိမ်းငြိမ်း က အမေ့ကို ဂရုစိုက်ရဲ့လား "

"စိုက်ပါတယ် ကွယ် သူ့မလဲသမီးလာမယ် ဖုန်း ဆက်လို့ စိတ်ချပြီး ထွက်သွားတာပါ "

ဝသုန် ဝါးအိမ်လေးကို ဝေ့ကြည့်လိုက်ပြီး ခေတ္တ ငြိမ်နေသည် ။ လျော့ရဲတဲ့ အသံလေးနဲ့

"အမေ ဒီအိမ်လေးမှာ ညညအေးလားဟင် "

"သမီးဝယ်ပေးထားတဲ့ ဂွမ်းစောင်တွေရှိတာပဲ သမီး ရယ် .. မအေးလှပါဘူး "

"ညီမလေးတို့နဲ့သွားနေပါလား အမေရယ် "

"သမီး ညီမတွေက ဘော်ဒါမှာနေကြတာလေ သမီးရယ် .. သူတို့ဘော်ဒါမှူးက အမေ့လိုက်လာဖို့ မကြိုက်ဘူးသမီးရဲ့ ပြီးအမေ ဒီပတ်ဝန်းကျင်လေးမှာ ပျော်ပါတယ်ကွယ် .. ဒီမှာနေခဲ့တာ နှစ်ပဲကြာလှပြီး "

" ဝသုန် အမေ့ကို တကယ်ပဲ ဝသုန် နဲ့ ခေါ်ထားချင်ပါတယ် .. အမေ ဆေးရုံမှာပဲ တက်နေပါလား အမေရယ် .. အဲ့မှာဆို ဝသုန် အမေ့ကို စိတ်ချတယ် "

"ဆေးရုံစရိတ်က ကြီးကြီးနဲ့ သမီးရယ် .. အမေ့ဆေးဖိုး သမီးညီမတွေရဲ့ ကျောင်းစရိတ်နဲ့တင် သမီးတွက် ပင်ပန်းနေတာ အမေ သိပါတယ် "

ဝသုန် မပင်ပန်းပါဘူး အမေ ရယ် .. ဂုဏ်သိက္ခာပဲ ပွန်းပဲ့နေတာပါ ။

"သမီး အမေ့ကို အိမ်ကောင်းကောင်းလေး ဆောက်ပေးဖို့ ကြိုးစားခဲ့တယ် အမေ .. ဒီမြေလေးမှာပဲ အကောင်းကြီး မဟုတ်တောင် အအေးဓာတ်လုံမဲ့ အိမ်လေးပေါ့ "

"သိပ်စိတ်ထဲမထားပါနဲ့ သမီးရယ် .. ဖြေးဖြေးပေါ့ "

ဝသုန်ခင် ခေါင်းငုပ်ပြီး လက်တွေတုန်နေတာ သူမ လှမ်းသတိထားမိပါတယ် ။

"သမီး အမေ့ ကို အိမ်လေးတော့ ဆောက်ပေးချင်သေးတယ် "

ဒီစကားကို ဝသုန်ခင် တိုးတိတ်လှတဲ့ အသံလေးနဲ့ ပြောလိုက်တာ သူမ ကြားလိုက်ရတယ် ။

"သမီးအလုပ်အဆင်မပြေလို့လား သမီး .. ထွက်ရဖို့ ရှိလို့လား "

ဝသုန်ခင် က ပြုံးပြလိုက်ပြီး

"ဒီလိုပါပဲ အမေရယ် .. အမေ စိတ်မပူပါနဲ့ .. ဝသုန် အမေတို့တွက် အမြဲကြိုးစားနေမယ်နော် "

"သိပ်ပင်ပန်းနေရင် ထွက်လိုက်ပါသမီးရယ် "

ဝသုန်ခင် က ပြုံးမဲ့ပြုံးနေပါတယ် ။ မျက်လုံးထဲက ကြေကွဲမှုတွေကို အဝေးကကြည့်နေတဲ့ သူမတောင် လှမ်း အကဲခတ်နေမိတာ အမေလုပ်တဲ့လူက မသိဘူးလား ။ မျက်လုံးပဲ မှုန်နေလို့လား ။

အကြာကြီးတိတ်နေပြီးမှ ..

"အမေ ဝသုန် မေးစရာရှိလို့ "

"အင် သမီး "

" ကိုယ့်မိသားစု တွက် အခြားမိသားစု ကို ဒုက္ခပေးနေမိတာ အဲ့ဒါ တရားသလားဟင် .. ဒုက္ခပေးချင်စိတ်တော့မရှိဘူး အမေရယ် .. အရမ်းကြီးကိုယ့်ဘက်က ဒုက္ခရောက်နေလို့ အခြားမိသားစုကိုမရည်ရွယ်ဘဲ စိတ်ဒုက္ခပေးမိသွားတာဆိုရင် အပြစ်မရှိနိုင်ပါဘူးနော် "

"ဘာလို့မေးတာလဲ သမီး "

"ဩော် သမီး သူငယ်ချင်း တစ်ယောက်အကြောင်းပါ "

"ဒုက္ခဆိုတာ အမျိုးမျိုးရှိတယ်လေ .. စိတ်ဒုက္ခ ၊ လူဒုက္ခ အမျိုးမျိုးပေါ့ .. ကိုယ့်ဘက်က ဒုက္ခရောက်နေလို့ အခြားလူကို အပြင်ပန်းထိခိုက်အောင်ပဲ လုပ်မိမိ ၊ စိတ်ဒုက္ခပဲ ပေးမိမိ ဒါဟာ မလုပ်သင့်တဲ့ လုပ်ရပ်ပဲလေ "

"ကိုယ်ကောင်းစားဖို့မဟုတ်ဘဲ ကိုယ်ချစ်တဲ့ လူတွေ အတွက် ဆိုရင်ရော "

"ကိုယ့်ဘက်က ကိုယ်ချစ်တဲ့လူတွေရှိသလို တစ်ဖက်မှာလည်း သူချစ်တဲ့လူ ဒါမှမဟုတ် သူ့ကို ချစ်တဲ့ လူရှိမှာပဲ လေ .. ကိုယ်ချစ်တဲ့လူတွေအတွက် တစ်ဖက်ကိုမျက်ရည်ကျရအောင် လုပ်တာကတော့ မတရားဘူး ပေါ့ သမီးရယ် "

"ကိုယ်ချစ်တဲ့လူတွေ ဥပမာ မိသားစုပေါ့ မေမေရယ် .. သူတို့အပေါ်ထားတဲ့ အချစ်စိတ်ကြောင့် တစ်ဖက်က လူ ဒါမှမဟုတ် မိသားစုကို စိတ်ဒုက္ခပေးမိတာ မှားသွား

လားဟင် "

" လူတစ်ယောက်က သူ့မိသားစု ကို ချစ်ရင် သူများ မိသားစုအတွက် စဥ်းစားပေးရတယ် ။ အဲ့ဒါကိုယ်ချင်း စာတရားပဲ သမီး ။ "

ဝသုန် ရင်ထဲ လုံးဝကို ဆို့နစ်သွားခဲ့ပါတယ် ။

ကိုယ်ချင်းစာတရား ... ။ ဝသုန် ဂုဏ်သိက္ခာရှိစွာ ကိုယ်ချင်းစာ တတ်ချင်ပါတယ် ။ ချက်ချင်း မမထား ရဲ့ မျက်နှာကို ပြေးမြင်မိပါတယ် ။

"မင်းမိသားစုကို မင်းချစ်ရင် သူများမိသားစုအတွက် စဥ်းစားပေးရတယ် ။ အဲ့ဒါကိုယ်ချင်းစာတရား ပဲ " လို့ ဝသုန့်ကို လက်ညှိုးထိုးပြီး ပြောနေသလား တောင် မြင်ယောင်မိပါတယ် ။

" မင်းရဲ့မိသားစုကို ချစ်လို့ပါဆိုပြီး သူတစ်ပါးသားကို မျက်ရည်ကျအောင် စိတ်ဆင်းရဲအောင် လုပ်တာ မင်းမှန်တယ်လို့ထင်သလား ။ "

" မင်းရဲ့မိသားစုတွက် အခြားမိသားစု ကို ဖျက်ဆီး ပိုင်ခွင့် မင်းမှာလုံးဝမရှိဘူး " အဲ့စကား ကို ဝသုန် ကျောမလုံစွာ ပဲ ပြန်ကြားမိခဲ့တယ် ။ မေမေ့ရှေ့မှာ ဆက်နေဖို့ ဘယ်လိုမှ အဆင်မပြေ တော့တာကြောင့်

"မေမေ ဝသုန် အိမ်သာသွားချင်လို့ .. မေမေလည်း အထဲဝင်တော့လေ မေမေ့ကိုတွဲပို့ပြီး ဝသုန်သွားမယ် "

"မေမေခဏနေဦးမယ် သမီးရယ် သမီးပြန်လာမှ မေမေဝင်တော့မယ် "

ဝသုန်ခင် ထွက်သွားတော့ သူမ တစ်ယောက် တည်းကျန်ရစ်ခဲ့တဲ့ အမျိုးသမီးဆီကို တစ်လှမ်းချင်း လျှောက်သွားခဲ့မိပါတယ် ။ သူမ ရင်ထဲမှာ ကရုဏာ ဆိုတဲ့ အရာတစ်ခုက ဝင်နေခဲ့ပါတယ် ။

"အန်တီက ဝသုန်ခင် ရဲ့ အမေလား ဟင်"

အမျိုးသမီးကြီးဟာ သူမကိုမော့ကြည့်တယ် ။

လောကဓံရဲ့ ရိုက်ပုတ်မှုတွေနဲ့ အိုမင်းရင့်ရော်နေတဲ့ မျက်နှာဟာ လူမမာပုံ လုံးဝထွက်နေပါတယ် ။

"ဟုတ်ပါတယ် ကွယ် .. ဒီက သမီး က သမီးလေး ရဲ့ အသိလား "

ကောင်းသောသိခြင်းမဟုတ်တာ သမီး ဘယ်လို ပြောရ မလဲ အန်တီ ... ။ ဝသုန်ခင် ပေးပို့နေတဲ့ ပိုက်ဆံတွေဟာ ဘယ်ကရလာလဲဆိုတဲ့ အမှန်တရားရော ဒီအမျိုးသမီး ကြီး သိပါ့မလား ။ သမီးဖြစ်သူ ရဲ့ ခန္ဓာကိုယ် နဲ့ လဲလှယ်ထားတဲ့ ငွေတွေနဲ့ အသက်ဆက်နေမှန်း သိခဲ့ရင် ဒီအမျိုးသမီးကြီး ဘယ်လိုဖြစ်သွားလေမလဲ ။

"ဟုတ်အသိပါ အန်တီ ..ဝသုန်ခင် က လိမ္မာတယ်နော် "

အမျိုးသမီးကြီးရဲ့ ကျေနပ်စွာပြုံးလိုက်တဲ့ အပြုံး ကို ကြည့်ရရင် အဖြစ်မှန်ဘာတစ်ခုမှ မသိတာ သေချာ နေပါပြီ ။ သမီးဖြစ်သူ အတွက် ဂုဏ်ယူပြလိုက်တဲ့ အပြုံးကြောင့် သူမ မျက်နှာက နည်းနည်းလေး ဝင်းလာသလိုပါပဲ ။

ဒီမိခင်သာ အမှန်တရားကို သိသွားရင် ရင်ဘတ် ကိုအစိမ်းလိုက်ခွဲချခံရသလို ဖြစ်မှာပဲ ။

ယုံကြည်ထားတဲ့ အရာတွေရဲ့ အမှန်တရားကို သိလိုက်ရတဲ့ အချိန် ဘယ်လောက်ထိ နာကျင်မလဲ ဆိုတာ သူမ ကိုယ်တွေ့မို့ ကိုယ်ချင်းစာနိုင်ပါတယ် ။

"သမီးလေးက သိပ်လိမ္မာတာကွဲ့ .. အသက် ၁၈ နှစ်တောင်မပြည့်သေးဘူး အိမ်ရဲ့တာဝန် မိခင်ရဲ့ဆေးဖိုး ညီမတွေရဲ့ ကျောင်းစရိတ် ဘော်ဒါစရိတ် ထောက်ပံ့ ခဲ့တာ .. အရင်တုန်းကတော့ သူလည်း သိပ်အဆင်မပြေ ပါဘူး .. နောက်တော့ ဆိုင်မှာ ရာထူးတက်သွား တယ်တဲ့ .. အဲ့နောက်ပိုင်း သူပိုထောက်ပံ့ပေးခဲ့တယ် ။

မိသားစုတင်မကဘူး ရပ်ကွက်ထဲက လိုအပ်ရင် လိုအပ်သလို သူကူညီပေးရှာတယ် "

"သူက ဘာလုပ်တယ်လို့ အန်တီ သိထားလဲ "

"ရန်ကုန်မြို့ထဲက မင်းသမီးတွေ မော်ဒယ်တွေ လာလာချုပ်တဲ့ အထည်ဆိုင်ဆိုလား .. အလုပ်ရှင်မမ က သိပ်သဘောကောင်းပြီး သူ့ကိုလည်းသိပ်အားထားတာတဲ့ ။ သူတော်ကောင်းမလေး က ဆေးဖိုးတွေလည်း ထုတ်ပေးရှာတယ်တဲ့ .. "

အလုပ်ရှင်က မမ မဟုတ်ပါဘူး အန်တီရယ် .. သမီးရဲ့ အမျိုးသား ပါ ။ ပြီး သူတော်ကောင်းလည်း မဟုတ်ရပါဘူး ။ မြက်နုသိပ်ကြိုက်တဲ့ ရမ္မက်ကြီးကြီး မိစ္ဆာကောင် နွားအိုကြီးပါ ။

"မထင်မှတ်ဘဲ ကျရောက်ခဲ့တဲ့တွင်းနက် .. "

အဲ့စကားကို သူမ ပြန်ကြားယောင်လိုက်မိတယ် ။ သူမ ထိတ်လန့်စွာ တွေးမိတာက အသက်ငယ်ငယ်လေးပဲ ရှိသေးတဲ့ ကလေးမ လေးကိုသူမ အမျိုးသား က ဖျားယောင်းခဲ့တာလား .. ။

အို .. ဒါဆို ဒီအမျိုးသမီးကြီးမျက်နှာကို ဘယ်လိုလုပ် ကြည့်ရဲတော့မလဲ ။

သူမ အိမ်ပတ်ပတ်လည် ကို ဝေ့ကြည့်မိပါတယ် ။ လှိုင်သာယာ ဆင်ခြေဖုံးရပ်ကွက် တစ်ခုမှာရှိနေတဲ့ ဒီအိမ်ရဲ့ အခြေအနေဟာ တော်တော့်ကိုဆိုးဝါးပါတယ် ။

"အဟွက် ဟွက် "

ရုတ်တရက် ချောင်းတွေထဆိုးလာတဲ့ အမျိုးသမီးကြီး နားကို ကပ်သွားမိရင်း ..

"ရရဲ့လား အန်တီ"

အဲ့အချိန် ဝသုန်ခင် ပြန်ရောက်လာပါတယ် ။ သွားငိုထားပုံပေါ်တဲ့ မျက်လုံးတွေဟာ အနည်းငယ်နီးနေတယ် ။ သူမ ကိုတွေ့တော့ မျက်လုံးတွေ ပြူးကျယ်ပြီး ထိတ်လန့်သွားတယ် ။ ပြီးတော့ မိခင်ဖြစ်သူ ကို စိုးရိမ်တကြီးပြန်ကြည့်ပြီး သူမ ကို တောင်းပန်တဲ့မျက်လုံးတွေနဲ့ ပြန်ကြည့်ပါတယ်။

"မေမေ .. ဘာဖြစ်လို့လဲဟင် ပြန်လဲနေတော့နော် "

ဝသုန်ခင် ရဲ့ အသံဟာ သိသိသာသာ တုန်ယင်နေပါတယ် ။ မိခင်ကိုတွဲရင်း အနားက ဆော့နေတဲ့ ကလေးအုပ်ထဲကို ကြည့်ကာ

"ဖိုးဝ ရေ ငြိမ်းငြိမ်း ကို သွားရှာခေါ်ခဲ့ပါ "

"ဟုတ်ကဲ့ မကြီး "

"မမထား ခဏလေးနော် မေမေ့ကို ကြည့်ပေးမဲ့ ကောင်မလေးပြန်ရောက်ရင် တစ်နေရာမှာ အေးအေးဆေးဆေးစကားသွားပြောကြမယ်နော် ..မမ ဒီမှာပဲ စောင့်နေပေးပါနော် "

ဘဝရဲ့ တကယ့်အမှန်တရားကို ချစ်ရတဲ့လူရှေ့မှာ မလုံမလဲဖုံးကွယ်နေတဲ့ ကလေးမ လေးကို သူမ တကယ်ပဲ ကရုဏာသက်သွားခဲ့မိပါတယ် ။

ဝသုန်ခင် က သူမ ကို ညိုးငယ်စွာကြည့်ကာ မိခင်ကိုတွဲရင်း ခနော်ခနဲ့ အိမ်လေးထဲ ဝင်သွားပါတော့တယ် ။

ခြူး(မြန်မာပြည်)

နော်အိမ့်ခြူးမိုးမြင့်

အပိုင်း(၃) ကို ဆက်လက် ဖော်ပြပါမည်။




ကျွန်တော်ငယ်ငယ်တုန်းက ကိုင်ဇာ၏ သီချင်းတစ်ပုဒ် ကြားဖူးသည်။ မှတ်မိသလောက် ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုဖို့ မဲထည့်ရသည့်အချိန်ကဖြစ်မည်ထင်ပါသည်။ ရေဒီယိုများတွင် ကိုင်ဇာ၏ "မင်း...ဆယ့်ရှစ်နှစ် ပြည့်ပြီလား" ဆိုသည့် သီချင်းကို ရေဒီယို၊ FM တွေမှာ အတော်ကြားခဲ့ရပါသည်။ ဆရာကြီး ဒေါက်တာ ကျော်စိန်၏ သင့်အတွက် အသုံးချ စိတ်ပညာ စာအုပ်မှ ဘဝနှင့် ပက်သက်သော စစ်မှန်သော ခံယူချက်ဆိုသည့် ခေါင်းစဉ်ခွဲလေး ဖတ်ပြီးကတည်းက မိမိကိုယ်ကို "မင်း... တကယ်ရင့်ကျက်ပြီလား" ဟု မေးခွန်းထုတ်နေ မိပါသည်။ မေးခွန်း ထုတ်သည်ဟု ဆိုသည်ထက် ဆန်းစစ်သည်ဟု ပြောလျှင် ပိုမှန်မည် ထင်သည်။ ဆရာကြီး ရေးသားတင်ပြထားသော ရင့်ကျက်သော လူတစ်ယောက်ကို တိုင်းတာသည့် အချက် (၅) ချက် မိမိတွင် ရှိ၊ မရှိ ဆန်းစစ်နေမိပါသည်။

ယေဘုယျအားဖြင့် လူတစ်ယောက် ရင့်ကျက်မှု ရှိ/မရှိကို ၎င်း၏အပြုအမူများကို ကြည့်၍ မှန်းဆနိုင်ပါသည်။ လူတစ်ယောက်တွင် ဇာတာသက် (Chronological age) နှင့် စိတ်သက် (Mental age) ဟူ၍ ရှိရာ ပုံမှန်ဉာဏ်ရည်ဖွံ့ဖြိုးသူတစ်ဦးသည် ၎င်း၏ အသက်အရွယ်အလိုက်ရှိရမည့်အတွေးအခေါ်၊ အပြုအမူစသည်တို့ ရှိလျက် စိတ်သက် (Mental age) နှင့် ကိုက်ညီကြပါသည်။ ထိုကဲ့သို့ မဟုတ်ဘဲ မိမိ၏ ဇာတာသက် နှင့် မကိုက်ညီသော အပြုအမူ၊ အတွေးအခေါ်များ ရှိပါမူ ထိုသူအား ရင့်ကျက်သူဟု မခေါ်ထိုက်ပေ။

ဥပမာပြရသော် မိမိလိုချင်သည်ကို မရ၍ (၂)နှစ်အရွယ်ကလေးတစ်ယောက်သည်လူးလှိမ့်ငိုယိုနေပါက ပြဿနာ မဟုတ်သော်လည်း

အသက် (၂၀) အရွယ် ယောက်ျား လေး (သို့) မိန်းကလေး တစ်ယောက်သည် မိမိလိုချင်သည်ကို မရ၍ ထိုကဲ့သို့ ပြုမူနေပါမူ ၎င်းသည် အသက်အရွယ် အလိုက် ကိုက်ညီသော အတွေးအခေါ်၊ အပြုအမူမရှိ၍ ရင့်ကျက်သူ မဟုတ်ဟု အလွယ်တကူသိနိုင်ပါသည်။ တစ်နည်းအားဖြင့် ဇာတာသက်အောက် စိတ်သက် ငယ်နေသူဟု မှတ်ယူ အပ်ပေသည်။ ဆရာကြီးကမူ လူတစ်ယောက် ရင့်ကျက်ခြင်း၊ မရင့်ကျက်ခြင်းကို အချက်(၅)ချက်နှင့် တိုင်းတာနိုင်သည်ဟု တင်ပြထားပါသည်။

တစ်အချက်မှာ "အချိန်ကို စနစ်တကျနားလည် အသုံးချတတ်ခြင်း" ဖြစ်ပါသည်။ ကလေး သူငယ်များသည် အချိန်ဟူသည် အဆုံးမရှိဆွဲဆန့်နိုင်သော အရာဟု ယုံကြည်တတ်ကြပါသည်။ တစ်နည်းအားဖြင့် ၎င်းတို့သည် အချိန်၏တန်ဖိုးကို ကောင်းစွာ နားမလည်တတ်ကြသေးချေ။ ကလေးငယ် တစ်ယောက်သည် သူကစားချင်သည့် အချိန်တွင် ကစား၍ သူအိပ်ချင်သည့် အချိန်တွင် အိပ်လိုက်မည်။ သူကစားချင်သလောက် ကစားနိုင်သလို၊ အိပ်ချင် သလောက်လည်း အိပ်နိုင်သည်။ အချိန်၏ တန်ဖိုးကို နားမလည်သကဲ့သို့သူ့အသက်အရွယ်တွင် နားလည်စရာလည်း မလိုပေ။ သို့သော် အရွယ်ရောက်ပြီးသော သူများအတွက်မူ မိမိ၏အချိန်ကို စနစ်တကျစီမံခန့်ခွဲ၍ အသုံးချတတ်ရန် လိုပါသည်။ မိမိလုပ်ရမည့်လုပ်ငန်းတစ်ခုကို အောင်မြင်ရန် အချိန်မည်ရွေ့မည်မျှသုံးမည် စသဖြင့် ခန့်ခွဲတတ်ရန် လိုပေသည်။ ဥပမာပြရလျှင် စာမေးပွဲအတွက် ပြင်ဆင်ရန် အချိန် (၁၀) ရက်သည် ဆိုပါစို့။ ထို (၁၀) ရက်အတွင်း မိမိသည် မည်သည့်အချိန်တွင် မည်မျှရအောင် ကျက်မည်၊ နားချိန်အတွက် မည်မျှသုံးမည်၊ တခြားကိစ္စများ ဥပမာ ဖုန်းကို မည်မျှသုံးမည် စသဖြင့် စီမံခန့်ခွဲ၍ လိုက်နာ လုပ်ဆောင်သင့်ပါသည်။ ကလေးငယ် တစ်ယောက်ကဲ့သို့ပင် အချိန်၏ တန်ဖိုးကို နားမလည်ဘဲ ရသည့် (၁၀) ရက်အတွင်း အိပ်ချင် သလောက်အိပ်မည်၊ ဖုန်းကို ဆော့ချင်သလောက်ဆော့မည် စသဖြင့်ပြုမူပါမူ ၎င်းကို စိတ်ပိုင်းဆိုင်ရာအရ ရင့်ကျက်သည်ဟု မခေါ်ဆိုနိုင်ပါ။

နံပါတ်နှစ် အချက်မှာကြောင်းကျိုး ဆက်နွယ်မှု တို့ကို သိနားလည်ခြင်း ဖြစ်ပါသည်။ ဆရာကြီး၏ အဆိုအရ ကလေးသူငယ်များသည် သဘာဝ ဖြစ်ရပ်များ၏ ကြောင်းကျိုးဆက်နွယ်မှုကို နားလည်နိုင်စွမ်း မရှိကြချေ။ တစ်နည်းအားဖြင့် မိမိ၏ ဆန္ဒကိုသာ ရှေးရှု၍ သာယာမှုမူ (pleasure principle) ဖြင့်သာ ပြုမူတတ်ကြ၏။ ကလေးတစ်ယောက်အနေဖြင့် မုန့်ပဲသရေစာက ထမင်းလောက် အာဟာရဖြစ်သည်၊ မဖြစ်သည်ကို အကြောင်းအကျိုး ဆက်စပ်စဉ်းစားနေမည် မဟုတ်ဘဲ သူစားချင်သည့် မုန့်ပဲသရေစာကိုသာ စားမည်ဖြစ်ပါသည်။ ကျွန်ုပ် ဆက်စပ် စဉ်းစားမိသည်မှာ စိတ်စိစစ်နည်း (Psychoanalysis) ကို တီထွင်ခဲ့သော စိတ်ပညာရှင် ဆစ်ဂမန်ဖရွိုက် (Sigmund

Freud) ဆိုခဲ့သည့် ကိုယ်ရည်ကိုယ်သွေး၏ အဓိကအခြေခံစနစ်ကြီး (၃) ခုဖြစ်သော အစ် (id)၊ အီဂို (ego) နှင့် ဆူပါအီဂို (superego) တို့ ဟန်ချက်ညီညီ ညှိယူလုပ်ဆောင်နိုင်စွမ်းသည် ကလေးသူငယ်များတွင် အားနည်းသောကြောင့် ဖြစ်သည်ဟုထင်ပါသည်။ အစ်စိတ် သည် လူတစ်ယောက်၏ ကိုယ်ရည်ကိုယ်သွေးတွင် အခြေခံအကျဆုံးဖြစ်၍ နာကျင်မှုကို ရှောင်ခွာ၍ မိမိသာယာမှုရရေးကိုသာ ရှေးရှု၏။ အီဂို ကား အစစ်အမှန်၊ ပကတိအခြေအနေနှင့် ဆက်စပ် စဉ်းစား၍ အစ် ၏ အလိုဆန္ဒများကို မည်သို့ မည်ပုံ ဖြည့်ဆည်းပေးမည်၊ တားဆီးမည် စသည်တို့ကို ဆုံးဖြတ်ပေး၏။ ဆူပါအီဂို ကား အစ်စိတ်၏ သာယာမှု ရှာဖွေခြင်းကို အီဂို ၏ ပကတိ အခြေအနေနှင့် ဆက်စပ်သည့် ဆုံးဖြတ်ချက်များအပေါ် လူ့အဖွဲ့အစည်းက ချမှတ်ထားသော စံတန်ဖိုးများ၊ စာရိတ္တပိုင်းဆိုင်ရာ အချက်များနှင့် ဆက်စပ်လျက် အကောင်းဆုံး၊ အသင့်တော်ဆုံးဖြစ်ရန် လမ်းညွှန်ပေးသည့် သဘောရှိပါသည်။ ကလေးသူငယ်များတွင် ဤကဲ့သို့ အစ်၊ အီဂို နှင့် ဆူပါအီဂိုတို့ ဟန်ချက် ညီညီ ချိတ်ဆက် လုပ်ဆောင်နိုင်မှု အားနည်းခြင်းကြောင့် ၎င်းတို့သည် မိမိ၏အလိုဆန္ဒကိုသာ ရှေးရှုလျက်အကြောင်း၊အကျိုးဆက်စပ်စဉ်းစား နိုင်မှု အားနည်းသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အရွယ်ရောက်ပြီး လူတစ်ယောက်က ပကတိ အခြေအနေ၊ လူ့အဖွဲ့အစည်း၏ စည်းကမ်း၊ စနစ်များကို မစဉ်းစားဘဲ မိမိ၏ ဆန္ဒကိုသာ ရှေးရှု၍ ပြုမူပါမူ ထိုသူအား အကြောင်း အကျိုးဆက်နွှယ်ခြင်းကို နားလည်ခြင်း မရှိ၍ ရင့်ကျက်သည်ဟု မဆိုထိုက်ပေ။ ဥပမာ ပြရသော် ဂုဏ်သရေရှိ လူကြီးလူကောင်းများနှင့်အတူ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေ (Smoking Free Area) ဟု တပ်ထားသည့် အခန်းတွင်း လူတစ်ယောက်သည် မိမိ၏ အလို ဆန္ဒကိုသာ ရှေးရှု၍ ဆေးလိပ်သောက် ခဲ့သော် ထိုအပြုအမူသည်ရင့်ကျက်သောသူတစ်ယောက် ၏ အပြုအမူ လုံးဝမဟုတ်ပေ။ ဆရာကြီး၏ အလိုအရ မြီးကောင်ပေါက်စ ဆယ်ကျော်သက် အရွယ်တွင်လည်း ကြောင်းကျိုးဆက်စပ် နားလည်မှု ကို သတိလစ်တတ် ကြသည်ဟု ဆိုပါသည်။ ဆရာ၊ မိဘများက ကောင်းစေလို၍ ဆိုဆုံးမသည်ကို ချုပ်ချယ်သည်၊ စည်းကမ်းတင်းကျပ်သည်ဟု တွေးတတ်ကြပါသည်။ သို့သော် အသက်အရွယ်ကြီးလာသည်နှင့် အမှု အခြေအနေနှင့် အချိန်အခါကို လိုက်ကာ မိမိ ၏ဆန္ဒကို ချုပ်ထိန်း၍ အကြောင်းနှင့်အကျိုးကို နားလည်သဘောပေါက်ပြီး ဆက်စပ် စဉ်းစားတတ်ရန် လိုပါသည်။

နံပါတ်သုံး အချက်မှာမူ စစ်မှန်သော ပန်းတိုင် ရှိခြင်းဖြစ်ပါသည်။ ကလေးဘဝတွင်မူ စိတ်ကူးထဲတွင်လိုရာ ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ ငယ်စဉ်က ဘုရင်လုပ်တမ်း၊ စစ်ဗိုလ်လုပ်တမ်း စသည်ဖြင့် ကစားခဲ့ဖူးကြပါသည်။ ကလေးဘဝ တွင် လက်တွေ့မကျသော စိတ်ကူးယဉ်မှုများ ရှိခဲ့ကြပေသည်။ အရွယ်ရောက်၍ ရင့်ကျက်

သောသူများတွင်မူ မိမိတို့၏ ကိုယ်ပိုင်စွမ်းရည်နှင့်ကိုက်ညီမှုရှိသောလက်တွေ့အကောင်အထည်ဖော်နိုင်သော ပန်းတိုင်မျိုးကို ချမှတ်တတ်လာကြသည်။ မဖြစ်နိုင်သည်ကို စိတ်ကူးဖြင့်ရူး၍ အချိန်ကုန်နေစေမည်မဟုတ်ဘဲ မိမိဖြစ်နိုင်မည်ကိုသာ ရှေးရှု၍ ကြိုးစား လုပ်ဆောင်မည်ဖြစ်ပါသည်။ စိတ်ဓာတ်ရင့်ကျက်သူတစ်ဦးသည် မိမိကိုယ်ပိုင်အရည်အချင်းများ၊ စွမ်းရည်ထူးများ၊ ကျွမ်းကျင်မှုများအပေါ် အခြေတည်၍ မည်သည့်ပန်းတိုင်သည် မိမိအတွက် အသင့်တော်ဆုံးနည်းဟု ဆင်ခြင်နိုင်ပါသည်။ မိမိ၏ အထုံဝါသနာ စွမ်းရည်တို့နှင့် ကိုက်ညီသော လုပ်ငန်းများကိုဆောင်ရွက်မှသာ ပေါက်မြောက်အောင်မြင် ရုံမျှမက ဘဝတစ်သက်တာ ပျော်ရွှင်မှုသုခကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့သော ပန်းတိုင်မျိုးသည် စိတ်ကူးယဉ်မဆန်ဘဲ ရင့်ကျက် သူတစ်ဦး၏ အရည်အသွေးဖြစ်ပါသည်။ နံပါတ်လေး အချက်မှာ စိတ်ကူးဆန္ဒဖြင့် မပြီးဘဲ လက်တွေ့ အကောင်အထည်ဖော်တတ်ခြင်း ဖြစ်ပါသည်။ ကလေးဘဝတွင် မိမိတို့၏ စိတ်ကူးစိတ်သန်းများသည် ထိုအဆင့်မှာပင် ပြီးဆုံးသွားလေ့ရှိသည်။ ကလေးဘဝတွင် စိတ်ကူးများကို လက်တွေ့ အကောင်အထည် ဖော်ရန်ကြိုးစားလေ့မရှိသကဲ့သို့ ထိုအသက်အရွယ်တွင် မဖြစ်မနေ အကောင်အထည်ဖော်ရန် မလိုသေးချေ။ အရွယ်ရောက်၍ ရင့်ကျက်သောသူတစ်ယောက်အတွက်မူ မိမိ၏ စိတ်ကူးများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးစားရပေမည်။ ဥပမာဆိုရသော် ရေကူးတတ်ချင်သော လူတစ်ယောက်သည် မြစ်ကမ်းစပ်တွင် ထိုင်လျက် စိတ်ကူးယဉ်နေမည် မဟုတ်ဘဲ ရေထဲသို့ဆင်း၍ ရေကူးတတ်ရန် အားထုတ်မည်ဖြစ်ပါသည်။ မိမိ၏စိတ်ကူးများ ရည်ရွယ်ထားသည့် အတိုင်း ပေါက်မြောက် အောင်မြင်ရန် လက်တွေ့ အကောင်အထည် ဖော်ရမည်ကို သဘောပေါက်ရန်လိုပါသည်။

နံပါတ်ငါးအချက်မှာမူ ဘဝအတွက် ဆီလျော်သော ရွေးချယ်မှုတို့ ပြုလုပ်နိုင် စွမ်းရှိခြင်းဖြစ်ပါသည်။ကျွန်ုပ်တို့၏ ဘဝတလျှောက် စိတ်ဒွိဟဖြစ်စရာ ရွေးချယ်မှုတို့ကို မကြာခဏ ရွေးချယ်ရတတ်ပါသည်။ နှစ်ခုထဲက တစ်ခု ရွေးရသည့် အခြေအနေမျိုးများတွင် စိတ်ဓာတ်ရင့်ကျက်မှု အားနည်းသူသည် မဖြစ်နိုင်မှန်းသိလျက် နှစ်ခုလုံးကို ရချင်သည်၊ ရရန်လည်း ကြိုးစားတတ်ကြပါသည်။ ထို့ပြင် နှစ်ခုထဲမှ တစ်ခု ရွေးချယ်ပြီးလျှင်လည်း မိမိ မရွေးချယ်လိုက်ရသည့်အရာကို ရွေးချယ်လိုက်ရလျှင် အကောင်းသားဟု မကြာခဏ နောင်တရ စိတ်ဆင်းရဲတတ်ကြပေသည်။ ဥပမာပြရလျှင် လူတစ်ယောက်ကို အလည်အပတ်ခရီးတစ်ခုကို လိုက်မလား၊ နေခဲ့မလားဟု ဆုံးဖြတ်ခိုင်းသော် ထိုသူသည် ခရီးအားလိုက်လာပြီးမှ မိမိနေခဲ့လျှင် အကောင်းသားဟု နောင်တရနေတတ်ပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ရွေးချယ်စဉ်အခါက မည်သည့် အရာသည် မိမိအတွက် ပို၍ ဆီလျော်ကိုက်ညီမှုရှိမည်ကို ကောင်းစွာ မစဉ်းစား

တတ်ခြင်းကြောင့်ဖြစ်ပါသည်။ ဟိုအရာ ကောင်းနိုးနိုး၊ ဒီအရာကောင်းနိုးနိုးဖြင့် စိတ်အတွင်း ဒွိဟဖြစ်လျက် မိမိရွေးချယ်မိသည့် အရာအပေါ်တွင်လည်း စိတ်မကျေနပ်နိုင်ဘဲ နောင်တ ရနေတတ်ပါသည်။စိတ်ဓာတ်ရင့်ကျက်သူတစ်ဦးကမူ ရွေးချယ်စဉ်ကတည်းက မိမိအတွက် ဆီလျော်ကောင်းမွန်မည့် အရာကို ကောင်းစွာရွေးချယ်တတ်၍ စိတ်ကျေနပ်မှုရှိကာ အဆုံးစွန်ဆုံးအောင်မြင်အောင် လုပ်တတ်ကြပါသည်။

ဆရာကြီးတင်ပြထားသည့် နောက်ဆုံးအချက်မှာ ဓမ္မဓိဋ္ဌာန်ကျခြင်း ဖြစ်ပါသည်။ ကလေးဘဝတွင် ကျွန်ုပ်တို့သည် အရာရာကို မိမိတို့ ရှုထောင့်မှသာ ကြည့်တတ်၏။ လောကတွင် ကောင်းခြင်းဆိုးခြင်း အားလုံးသည် မိမိတစ်ဦး တည်းနှင့် ပက်သက်သည့် ကောင်းခြင်း၊ ဆိုးခြင်း ဖြစ်၏။ မိမိကိုယ်သာ အခြေခံ ဦးစားပေးစဉ်းစား၍ မိမိကြိုက်လျှင် အများလည်းကြိုက်မည်၊ မိမိမကြိုက်လျှင် အများလည်းကြိုက်မည်မဟုတ် စသဖြင့် စဉ်းစားတတ်၏။ မိမိအပြင် အခြားသူများလည်း ရှိသေးသည်ဆိုသော ခံစားမှုအသိသည် ကလေးငယ်များတွင် ကောင်းစွာ မဖွံ့ဖြိုးသေးချေ။ မရင့်ကျက်သော အရွယ်ရောက်ပြီး သူများသည်လည်းကလေးငယ်များကဲ့သို့ပင် အရာရာကို သူနှင့်ဆက်စပ်ပြီး စဉ်းစားတတ်၏။ မိမိတစ်ဦးတည်းသာ အခြေခံစဉ်းစား၍ မိမိ၏ အလိုဆန္ဒကိုသာ ရှေးရှုဦးစားပေးလေ့ ရှိပါသည်။ ဥပမာပြရသော် မရင့်ကျက်သော ခေါင်းဆောင်တစ်ဦးသည် မိမိလက်အောက်ငယ်သားများ၏ ဆန္ဒ သို့မဟုတ် အကြံပြုချက်များကိုလက်ခံစဉ်းစားမည်မဟုတ်ဘဲ သူ၏ ဆုံးဖြတ်ချက်များကို သူတစ်ဦး၏ ဆန္ဒဖြင့်သာ ဆုံးဖြတ်အတည်ပြုတတ်ပေသည်။ ကျွန်ုပ်တို့သည် အသက်အရွယ်နှင့်မျှသော ရင့်ကျက်သော စိတ်ရှိရန်မှာ မိမိသာမဟုတ် အခြားသူများလည်းရှိသေးသည်၊ သူတို့၏ ဆန္ဒ၊ အမြင်များ ကိုလည်း ထည့်သွင်းစဉ်းစား ပေးရမည် စသဖြင့် ဓမ္မဓိဋ္ဌာန်ကျရန် လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်းအတွင်း လူပီသစွာ နေထိုင် ရှင်သန်ရန် မိမိ၏ ဇာတာသက် (Chronological age) နှင့် ကိုက်ညီသော အတွေးအခေါ်၊ အပြုအမူများ ရှိရန်လိုအပ်ပေသည်။ လူ့အဖွဲ့အစည်း ၏ စံစနစ်များ၊ စာရိတ္တတန်ဖိုးများကို ထိန်းသိမ်းနားလည်လျက် အထက်တွင် ဖော်ပြခဲ့ပြီးသော အချက်ငါးချက်နှင့် တိုင်းတာကြည့်၍ ရင့်ကျက်သောသူတစ်ယောက်အဖြစ် နေထိုင်ရန် ကြိုးစားသင့်ပါသည်။ မိမိ၏ အသက်အရွယ်နှင့် မမျှသော အပြောအဆိုအပြုအမူများသည် မိမိအား လူအဖွဲ့အစည်းအတွင်းအများ၏ နှာခေါင်းရှုံ့ကဲ့ရဲ့ခြင်းကို ခံရတတ်ပေသည်။ ကလေးဆန်၍ ချစ်စရာကောင်းခြင်း (childlike) သည် တခါတရံ အဆင်ပြေနိုင်သော်လည်း အရွယ်ရောက် ၍ ရင့်ကျက်သူတစ်ဦးအနေဖြင့် လုံးဝ မလုပ်သင့်၊ မပြောသင့်သည်ကို လုပ်ပါ ပြောပါများလာလျှင် ကလေးဆန်ခြင်း (childish) တနည်းအားဖြင့် ရင့်ကျက်မှုမရှိခြင်းဟု

သတ်မှတ်ခြင်း ခံရပေလိမ့်မည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ရင့်ကျက်သော လူသားတစ်ယောက် အနေဖြင့် အောင်အောင်မြင်မြင်နေထိုင်ရှင်သန်ရန် အထက်တွင် ဖော်ပြခဲ့သည့်အချက်(၅)ချက်နှင့်ယှဉ်ထိုးတိုင်းတာ၍ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည် ။ ။

ထက်ဇော်ထူး (ပညာရေးစိတ်ပညာ)



# မင်းတုန်းမင်းနှင့်ရတနာပုံနေပြည်တော်စည်ပင်ဥပဒေ

ဒေါ်ချိုမော် ရေးသည်

သာယာဝတီ ကုန်းဘောင်မင်း လက်ထက် ၁၂၀၀ ပြည့်(အေဒီ ၁၈၃၈)တွင် နေပြည်တော်ကို အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့ နန်းစံခဲ့သည်။ ထို့နောက် ပုဂံမင်းလက်ထက် အေဒီ ၁၈၄၆ မှ ၁၈၅၂ အထိ အမရပူရကိုပင် မင်းနေပြည်အဖြစ် ထားရှိခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင် အမရပူရကို စွန့်၍ မန္တလေးတွင် ပြောင်းရွှေ့နန်းစံရန် ကြံစည်ခဲ့သည်။

၁၈၅၃ ခု စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမရပူရ မင်းနေပြည်မှ မပြောင်းသင့်ကြောင်း ရဟန်း ပညာရှိများနှင့် လူ ပညာရှိများသည် မစိုးရိမ်တိုက်တွင် စည်းဝေးဆုံးဖြတ်၍ မေတ္တာစာရေးပြီး မင်းတုန်းမင်းထံ ဆက်ခဲ့သည်။

သို့ရာတွင် ဘုရင်က လက်မခံဘဲ ၁၈၅၆ ခု အောက်တိုဘာလ ၃၀ ရက်နေ့တွင် မြို့သစ်တည်မည့် နေရာသို့ သွားရောက်ကြည့်ရှုသည်။ အောက်တိုဘာလ ၃၁ ရက်တွင် မြို့သစ်နေရာ အသေးစိတ် ပုံစံရေးဆွဲရန် ညွှန်ကြားခဲ့သည်။

၁၈၅၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မန္တလေးမြို့တော်တည်ရန်ဘုရင်မှ အမိန့်တော် ထုတ်ပြန်လိုက်သည်။ ထို့နောက် ၁၈၅၇ ခု ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ မြို့တော်သစ်ကို တည်ဆောက်ခဲ့ရာ ၁၈၅၉ ခု ဇူလိုင် ၁၆ တွင် အပြီးသတ်လုနီးပါး ပြီးစီးခဲ့သည်။

ထိုသို့ တည်ဆောက်ရာတွင် မင်းတုန်းမင်း ၏ မွေးနံမှာ အင်္ဂါဖြစ်သည့်အတွက် မြို့သစ်တည်ရာတွင် အင်္ဂါသားများကိုသာ အသုံးပြုခဲ့သည်။ ထို့ကြောင့် မြို့တော်သစ် တည်ဆောက်သည့် နှစ်ကို အင်္ဂါသားများ ကပ်ဆိုက်သည့် နှစ်များဟု ခေါ်ခဲ့ကြပါသည်။

မန္တလေးနေပြည်တော်ကို တည်ရန် တာဝန် ပေးအပ်ခြင်းခံရသူမှာ ကုန်းဘောင်နှင့် ပုဂံမင်း များလက်ထက်တွင် ပန်းပဲဝန်၊ အတွင်းဝန် အရာဖြင့် သူကောင်းပြုခြင်း ခံရသော ပန်းပဲ ဝန်မင်းကြီး ဦးမှို ဖြစ်သည်။ မင်းတုန်းမင်း တရားကြီး လက်ထက်တွင် ပန်းပဲဝန်နှင့် သေနတ်ဝန်ကြီးများ ရာထူးဖြင့် ချီးမြှောက် သူကောင်းပြုခြင်း ခံခဲ့ရသည်။

ထိုပန်းပဲမင်းကြီး တာဝန်ယူ၍တည်ဆောက် ခဲ့ သော ရတနာပုံ နေပြည်တော်ကြီး၏ မြို့ရိုး ကျုံးနှင့်တကွ နန်းတော်ကြီးသည် နတ်ဘုံ နတ် နန်းတမျှ လှပ တင့်တယ် ရှုချင်စဖွယ် ရှိပါသော် လည်း မြို့တွင်း မြို့ပြင်လမ်းများ၊ ရေမြောင်း များမှာ အလွန်ပင် ညစ်ပတ် ပုပ်ဟောင်၍ နေ ပေသည်။

" နေပူ ဖုန်ထ၊မိုးကျ ရွှံ့ပေါက်

လမ်းလျှောက် ခက်ခဲ၊ ဈေးထဲ နွံ့ ပြည့်

မှန်၏မချွတ်၊သွားစမ်းလတ်လော့။"

ဟူ၍ စာချိုးခံရလောက်အောင်ပင် နေပြည်တော် ရှိ ဈေးချိုရပ် လမ်းမများမှာ နွေရာသီတွင် ဖုန် တထောင်းထောင်းထ၍ မိုးရာသီတွင်မူ ရွှံ့ဗွက် ဂမူ ရေချိုင့်ကွက်ကြီးများတို့ ပြည့်လျှမ်းလျှက် ရှိသည်။

ဈေးချိုရပ်ရှိ လမ်းမများသာ မဟုတ်သေး။ ဈေးနှင့်မြို့ရှိရေမြောင်းများမှာလည်း စည်းကမ်း မဲ့စွာ စွန့်ပစ်ထားသော အမှိုက်သရိုက်တို့ကြောင့် အပုပ်နံ့များ ပျံ့လွင့် လျက် ရှိပါသည်။

မြို့ပြအဆောက်အအုံများသည် မြေနေရာ ကျယ်ဝန်းပါလျှက် တအိမ်နှင့် တအိမ် နီးကပ်စွာ ဆောက်လုပ်ထားကြသည်။

ထိုအကြောင်းကို ရန်ကုန်မြို့မှ ဆောင်းပါး ရှင် "ကျောက်စီပေတရာ" ဆိုသူက မြန်မာ သတင်းစာဆရာထံသို့ မေးမြန်းသည့် ပေးစာ တွင် ဖော်ပြထားသော စာချိုး ဖြစ်ပါသည်။

( ၂ )

ထိုသို့ကျောက်စီပေတရာ၏ပေးစာ အောက် မှ မြန်မာသတင်းစာ ဆရာက....

" သင်ရေးပေးသော ကဲ့ရဲ့ဘွယ် အကြောင်းမှာ ဧကန်ဟုတ်လှ၏။ ဈေးကြိုအစရှိသော ဈေးများ သည် တကယ်ပင် မကောင်း။ ဈေးသာမဟုတ်၊ လမ်းလည်း မကောင်း။ လမ်းသာမဟုတ် မြို့၏ ဖွယ်ရာဖြစ်သော လမ်းနား ရေမြောင်းလည်း မကောင်း။ ×××× အခြားသော အရာထက် ဈေးနှင့် လမ်းသည် လူများမြင်လွယ်လှသော အရာတည်း။ အိမ်ခြေလမ်းစဉ် ရေမြောင်းကိုသာ အစိုးရမင်း ပြုပြီးမှ ပြီးသည်။ ဈေးမှာဖြစ်လျှင် အခွင့်ရှိသော် ကုန်သည်တို့ပင် ပြုနိုင်သည်။" ဟု ထောက်ခံ မှတ်ချက်ချ ရေးသား ထည့်သွင်းခဲ့ သည်။

(၁၈၇၂ခု၊ဇွန်လ၁၄ရက်ထုတ်မြန်မာ သတင်းစာ)

တဖန် ဆောင်းပါးရှင် မောင်သန့်စင် ဆိုသူ က....

"မန္တလေးရွှေမြို့တော် အနောက်ပြင် ဂုဏ်တန်

အရပ်မှ ကုန်စည်ကူးသန်း ရောင်းဝယ်သူများ သရက်မော် သဘ်ာဆိပ်သို့ ဆင်းရာလမ်း တွင် တက်သေးအင်းကို ကျော်ဖြတ်ရသည်။

အင်းမှာ မိုးတွင်းသာ ရေပြည့်လျှမ်းနေပြီး နွေအခါ မြေပြင် ပကတိ ဖြစ်လေ့ရှိ၏။ သဘ်ာဆိပ်သို့ဆင်းရာတွင်တက်သေးအင်းကိုကွင်းဖယ်၍ မရပေ။

အင်းထဲတွင်နေထိုင်ကြသော အိမ်ခြေများမှာလည်း ခပ်ကျဲကျဲ တွေ့ရသည်။ အိမ်ပြတ်သော နေရာများတွင် လမ်းဘေး၌ ကျင်ကြီးစွန့်ထားတတ်ကြသဖြင့် ကျင်ကြီးနံ့ လွှမ်းလျက်ရှိသည်။

အမှိုက် အညစ်အကြေးများ စွန့်ပစ် ထားမှုကြောင့်လည်း မကောင်းသော အနံ့အသက် များကို သွားလာသူများ ရှူရှိုက် ခံစားရသည်။ဟု ဆောင်းပါးရှင်က ရေးသား ပေးပို့လိုက်သည်။

ထိုသို့ ပေးပို့ရခြင်း၏ ရည်ရွယ်ချက်မှာ မြို့တွင်းမှ သရက်မော် သဘ်ာဆိပ်သို့ သွားရာလမ်းရှိ တက်သေးအင်းထဲ၌၎င်း၊ မြို့တွင်းလမ်းများ၌၎င်း နံစော်ညစ်ပတ်သည်များကို ယောအတွင်းဝန်မင်းတို့ သတင်းစာထဲမှ ဖတ်ရှုရလျှင် ပြင်တန်ကောင်းသည် ဟူသော မျှော်လင့်ချက်ဖြင့် မြန်မာသတင်းစာ ဆရာထံသို့ အကြောင်းစုံ ရေးသားကာ ပေးပို့ရခြင်း ဖြစ်ပါသည်။

ထိုမောင်သန့်စင်၏ ဆောင်းပါးကို ၁၈၇၂ ခုဇွန်လ ၂၁ ရက်နေ့ထုတ် မြန်မာသတင်းစာတွင် ဖော်ပြလျက် မြန်မာသတင်းစာဆရာက မန္တလေးမြို့တော် စည်ပင်သာယာရေးအတွက် ဤသို့ အကြံပြု မှတ်ချက် ရေးသားခဲ့သည်။

( ၃ )

“ မန္တလေးမြို့တော် လေးမျက်နှာမှာ ဘုံအိမ်သာဟူ၍ မရှိ။ မြို့တွင်း မြို့ပြင်ကို သန့်စင်စေသော မြို့သန့်အရာရှိနှင့် မြို့တော်ကို မပြတ်ကြည့်ရှုပြင်ဆင်သော မြို့လုပ်အရာရှိဟူ၍ အင်္ဂလိပ်မင်းများကဲ့သို့ မခန့်ထား။ မြို့စာရေး၊ ထောင်မှူးရှိပါသော်လည်း မီးလောင်၊ သူခိုး၊ ဓားပြ၊ ရာဇဝတ်ရေးများကိုသာ ကြည့်ရှုသည်။

မြို့တော်နေအိမ်များမှာ မင်းမှီစိုးကပ် အနှုတ် အယူ မရှိစေရ။ လူယုံနှင့် ကြပ်မတ်၍ တစ်လ လျှင် အိမ်ကြီး ၅ - မူး၊ အိမ်လတ် တမတ်၊အ ိမ်ငယ် တမူး မြို့သန့်ကြေး ခွဲယူ တောင်းခံ၍ မြို့သန့်အရာရှိ ခန့်ထား လစာပေးသော် အမြတ်တော်ပင် ထွက်လေဦးမည်။ မြို့တော် လည်း အလွန်သန့်ရှင်း သာယာမည်။” ဆိုသော မြန်မာသတင်းစာဆရာ၏ မှတ်ချက်မှာ လွန်စွာ ခေတ်မှီသည်ဟု ဆိုရပေမည်။

ထို့အပြင် “ဈေးသာမဟုတ်၊လမ်းလည်း မကောင်း၊ရေမြောင်းများလည်း မကောင်းဖြစ်၍ နိုင်ငံခြား ဧည့်သည် မင်းသံကြီးများ ရောက်လာလျှင် ချီးမွမ်းစရာရှိအောင် ပြုပြင်သင့်ကြောင်း” ကိုလည်း အကြံပေး တင်ပြထားပါသည်။

ထိုသို့သော မောင်သန့်စင်၏ ဆောင်းပါးနှင့် မြန်မာသတင်းစာဆရာ၏ အကြံပြု မှတ်ချက်များကို သတင်းစာ အမြဲဖတ်လေ့ရှိသော

ယောအတွင်းဝန်မင်းက တွေ့ရှိလေသည်။ ၎င်းမှ တဆင့် မင်းတုန်းမင်းတရားကြီးထံသို့ ရွှေနားတော် ပေါက်ကြားသွားလေတော့သည်။

ထို့ကြောင့် ရွှေမြို့တော်ရှိ လမ်းများ၊ ရေမြောင်းများ၊ အဆောက်အဦများကို အလျင်အမြန် ပြင်ဆင်ရန် အမိန့်တော် ချမှတ်ခဲ့သည်။ လမ်းကြီးလမ်းငယ် အသွယ်သွယ်ကို ပြုပြင်ဆောင်ရွက်ရုံမက လမ်းဥပဒေကို တစ်ပါတည်း အမိန့်တော် ထုတ်ပြန်လိုက်သည်။

လမ်းဥပဒေ အမိန့်တော်ပြန်တမ်းတွင် အဓိက အချက်ကြီးသုံးချက် ပါရှိပါသည်။ ၎င်းတို့မှာ.....

၁။ရွှေမြို့တော်ရှိ လှည်းအုပ်၊လှည်းခေါင်းများကို ဆင့်ဆို၍ အငှါးတိုက်သော လှည်းယာဉ်၊ လှည်းကြမ်း များကို စာရင်းချမှတ်စေ၍ တံဆိပ်နံပါတ်ပေးအပ်ပြီးလျှင် လှည်းတစီးလျှင် ကျောက်ခဲသလဲ တလကို တစီးကျ တိုက်ဆောင်၍ ရွှေမြို့တော် အနောက်ပြင် ရန်နှင်တံခါးကစ၍ လမ်းကြီး လမ်းငယ်များမှာ စေ့နှံ့အောင် အစဉ်အတိုင်း ချထား စုပုံစေရမည်။ တန်းလမ်းကျသော အိမ့်ရှင်တို့က ၎င်းစုပုံရှိသည့် ကျောက်ခဲသလဲ ကို လမ်းတွင် ညှိဖြန့်စေရမည်။

၂။ တုံး၊ ထင်း၊ သစ်၊ ပျဉ် စသည်များနှင့် ဆိတ်၊ နွား၊ မြင်း ချည်တိုင်များကို လမ်းမှာ စိုက်ထားကြ၍ အသွားအလာ ခက်ခဲကြောင်းနှင့် ရွှေနား တော်မြတ် ကြားသိတော်မူရသည်။

ထောင်မှူးအရပ်ရပ်တို့ကို ဆင့်ဆို ပယ်ရှားစေသော်လည်း နိုင်နင်းအောင် မဆင့်မဆို၊နေရာမကျကြောင်းကို သိတော်မူ၍ နောက်ထပ်မံပြီးလျှင် မြို့တွင်းမြို့ပြင် လမ်းများမှာ တွေ့မြင်သမျှ တုံး၊ ထင်း၊ သစ်ဝါးများကို သိမ်းယူစေ။

၃။ ရွှေမြို့တော်လမ်းမ လမ်းငယ်များမှာ မြင်းနွားတို့ကို လွှတ်ထားတွေ့ရှိလျှင် မြို့စောင့် အမှုထမ်းက ဖမ်းဆီး၍

- မြင်းကြီးနွားကြီးမှာ တကောင် တကျပ်
- အငယ်မှာ ငါးမူးကျ တောင်းခံပြီးလျှင် အခွန်တော် ဆက်သစေ။

ထိုကဲ့သို့ လမ်းဥပဒေ အမိန့်တော် ပြန်တမ်းများ ထုတ်ပြန်၍ ဆောင်ရွက်စေသော်လည်း တာဝန်မကျေ နေရာမကျ ဖြစ်လာသည်။

- တုံး၊ ထင်း၊ သစ်၊ ပျဉ် စသည်တို့ဖြင့် နွားဆိတ်၊ မြင်းချည်တိုင်များကို လမ်းမှာ စိုင်ထားကြသည့် အတွက် လမ်းခရီး သွားလာမှုကို အနှောက် အယှက် ဖြစ်စေသည်။
- ခရီးသွားအချင်းချင်း မရှောင်သာ မတိမ်းသာ တိုးဝှေ့သွားလာရသဖြင့် တခါတရံ ခိုက်ရန်ဖြစ် ပွားတတ်ကြသည်။
- တန်းလမ်းကျသော အိမ်ရှင်တို့မှာ မိမိအိမ်ရှေ့ အကွက်ကျရာ လမ်းတာကို ကိုယ်တိုင်ကိုယ်ကျ ပြုပြင်ရသည်။

ထို့ကြောင့် လမ်းမကောင်းလျှင် အိမ်ရှင်

တို့က လှည်းသမားကို လှီးလွှဲ အပြစ်ဖို့ကြသည်။

- လှည်းသမားတို့ကလည်း တလလျှင် ငွေ တစ်ပြားကျ လှည်းခွန်ပေးရသဖြင့် အပြစ်မရှိဟု ဆင်ခြေပေးသည်။
- လမ်းသာယာ စိုပြေမှုအတွက် ထောင်မှူး အရပ်အုပ်တို့ကို ကြီးကြပ် ကွပ်ကဲစေသော်လည်း နိုင်နင်းအောင် မဆင့်ဆိုနိုင်ခဲ့ပေ။

ထိုကဲ့သို့နေရာမကျဖြစ်နေသည့်အတွက် ကြပ်မတ်သော ဥပဒေများကို ထပ်ဆင့် ထုတ်ပြန်ရသည်။

- လမ်းများရှိ စည်းကမ်းမဲ့စွာ ထားရှိသော ပစ္စည်းမှန်သမျှ သိမ်းယူစေရန်။
- အထိန်းအကွပ်မဲ့စွာ လွှတ်ထားသော မြင်း နွားများကို တွေ့လျှင် ဒဏ်ငွေဆောင်စေ၍ ဘဏ္ဍာတော်ငွေအဖြစ် သိမ်းယူစေရန်။
- လူအများတို့ သွားရာလမ်းတွင် ဆိုင် ကန္နားဆောက်လုပ်ခင်းကျင်း ရောင်းဝယ်သူတို့ကို တဦးလျှင် ဒဏ်ငွေငါးဆယ်ကျပ် ပေးဆောင်စေရန် စသော ကြပ်မတ်သည့် ဥပဒေများကို ထပ်ဆင့် ထုတ်ပြန်ခဲ့သည်။

ထို့အပြင် မြို့တော်လမ်းများကို ဖောက်လုပ်ရာ၌ သတ်မှတ်ထားသည့် အတိုင်းအတာ အတိုင်း တပြေးတည်း ဖြစ်စေခဲ့ခြင်း။

နန်းတွင်းရှိ အဆောက်အဦ အပျက်အစီးများ၊ ရေမြောင်းများကို ပြင်ဆင်ရာ၌၄င်း၊ ဘုရား၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်းများနှင့် ရေတွင်း ရေကန်များ တည်ဆောက်လိုလျှင် ခွင့်ပြု မိန့် တောင်းခံခြင်း စသည့် ကိစ္စရပ်တို့နှင့် ပတ်သက်၍လည်း ဥပဒေ ထားရှိခဲ့ပေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ မင်းတုန်းမင်းလက်ထက်ဟု ခန့်မှန်းရသည့် ပုရပိုဒ်ပေမူ တစ်ခုတွင် "အလုပ်တော် - အဆောင်တော် ဥပဒေဘုရား"ဟူ၍တွေ့ရှိရသည်ဟုဆိုပါသည်။ ထိုဥပဒေတွင် အချက်ပေါင်း ၁၅ ချက်ကို ဖော်ပြထားသည်။

ရွှေမြို့တော်ရှိ မြို့တွင်း မြို့ပြင် လမ်းများကို သတ်မှတ်ထားသည့် အတိုင်းအတာဖြင့် လုပ်ဆောင်စေသည့် ဥပဒေကို ယင်းပရပိုဒ် ပေမူပါ ဥပဒေ အမှတ် ( ၉ - ၁၀ - ၁၁ )တွင် အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ထားပါသည်။

၉။ ရွှေမြို့တော် မြို့တွင်း မြို့ပြင်လမ်းများမှာ တံခါးလမ်း ၇ တာ၊ ပြလမ်း ၅ တာ သတ်မှတ်ပိုင်းခြားသည့်အတိုင်းလမ်းပြင် စာရင်းပါ အရာရှိ တို့က ပုံစံတော်ကျအောင် တိုင်းတာစေရမည်။

၁၀။ စာရင်းပါ အရာရှိတို့ လမ်းစည် မဖြောင့်၍ ဖြစ်စေ၊ပိုမို ကာရံ၍ဖြစ်စေ၊ ပုံစံတော်နှင့် မညီရှိသည်များကို ပုံစံရေးထား လျှောက်ထားစေ၍ ပုံစံတော်နှင့် ညီအောင် ဖျက်သိမ်းစေမည်။

၁၁။ ရွှေမြို့တော် မြို့တွင်း မြို့ပြင် လမ်းမ၊ လမ်းသေး၊ရေမြောင်း၊နင်းကြမ်းများမှာ စာရင်းပါ အရာရှိတို့က ကောက်ခံရ ငွေတော်များနှင့် ပြင်ဆင် လုပ်ဆောင်စေမည်။

နန်းတော် တွင်းပြင်ရှိ ပျက်စီး ဟောင်းနွမ်း

သော အဆောက်အဦပျက်များကို ပြင်ဆင်ရန်နှင့် ခန့်မှန်းခြေ ကုန်ကျမည့်ငွေများကို ငွေတိုက်တော်မှထုတ်ယူသုံးစွဲစေ ရန် ထုတ်ပြန်ချက်များ ပါရှိသည်ဟု ဆိုပါသည်။

ထိုသို့ လုပ်ဆောင်ဘွယ်ရာ လုပ်ငန်းအဝဝကို ပြီးစီးသည့်တိုင်အောင် ခံဝန်လုပ်ဆောင်ရန် ဖြဲ တိုက် သံဆင့်၊အသုံးစာရေးတော်များနှင့် အခြား အမှုထမ်းများကိုတာဝန်ပေးအပ်ကြောင်း အမည်စာရင်းများကိုလည်း ထုတ်ပြန်ခဲ့လေသည်။

ကြီးကြပ်ကွပ်ကဲ လုပ်ဆောင်ရသည့် တာဝန်ခံများကို ၁၀ ရက်တကြိမ် ကြည့်ရှု စစ်ဆေးစေပြီး လိုအပ်သည်များကို ညွှန်ကြား တင်ပြစေခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် ထုတ်ပြန်ထားသော ဥပဒေကို လက်အောက်ခံအရာရှိတို့ လိုက်နာစေရန်အတွက် ထိန်းအုပ်သည့် သဘောဖြင့် ဥပဒေဖောက်ဖျက်သူတို့ကို အရေးယူသည့် ဥပဒေများလည်း ထပ်မံ သတ်မှတ်ခဲ့သည်။

- လုပ်ငန်းအရပ်ရပ်ကို သတ်မှတ်ထားသည့် ရက်အတွင်း မပြီးစီးပါက တာဝန် ယူလုပ်ကိုင်ရာ အရပ်တွင် ထိတ်တုံးခတ် အကျဉ်းချထားစေခြင်း။လုပ်ငန်းတော်ပြီးပြေမှအကျဉ်းမှ လွှတ်ခြင်း။
- လုပ်ငန်းကြီးကြပ်သူတို့ မိမိတာဝန် လျစ်လျူပြု မကြည့်မရှု မေ့လျော့ပျက်ကွက်ခဲ့လျှင် ထောင်ဒဏ် ၁၅ ရက် ချမှတ်ခြင်း။
- ရွှေမြို့တော်လမ်းများကို တံခါးလမ်း ၇ တာ၊ ပြလမ်း ၅ တာ သတ်မှတ်ပိုင်းခြား၍ ပုံစံနှင့် အညီ ဆောက်လုပ်စေခြင်း။
- ပုံစံနှင့်မညီ ကျူးကျော် ဆောက်လုပ်သည့် အဆောက်အဦမှန်သမျှကို ဖျက်သိမ်းစေပြီး ကျူးလွန်သူတို့ကို ထောင်ဒဏ်တစ်လ အပြစ်ပေးစေခြင်း။
- မြေယာများကို လွှတ်တော်သို့ အသိမပေးဘဲ ရောင်းဝယ်ခဲ့ပါက ရောင်းချ ရငွေများကို ဘဏ္ဍာ တော်အဖြစ် သိမ်းယူစေသည့်အပြင် ရောင်းချသူတို့အား ထောင်ဒဏ် တစ်လ အပြစ်ပေးခြင်းစသည်ဖြင့် ဥပဒေကို လိုက်နာစေရန် ဆောင်ရွက်ခဲ့သည်။

မြို့တော်ရှိလမ်းများ ဖောက်လုပ်ရန် နိုင်ငံခြားမှ အင်ဂျင်နီယာများကိုပင် လစာရိက္ခာပေး၍ ငှါးရမ်းခဲ့သည်။

မြို့ကွက်ပုံစံချ၍ ပြည်သူတို့ အသွားအလာ လွယ်ကူစေရန် လမ်းကြီး လမ်းငယ်၊ ရေမြောင်းများကို သက်ဆိုင်ရာ အရာရှိတို့အား ပြင်ဆင်စေသောကြောင့် မင်းတုန်းမင်း လက်ထက်တွင် မြို့တော်မှာ စည်ပင်သာယာခဲ့ပေလိမ့်မည် ဖြစ်ပါသည်။

Daw Cho Maw

စာကိုး

---------

- မင်းတုန်းမင်းခေတ် လမ်းဥပဒေ (မောင်တမာ)

- နယ်လှည့်ရာဇဝင် (ဒေါက်တာသန်းထွန်း)

- ပန်းဘဲမင်းကြီး(မှော်ပီ ဆရာသိန်းကြီး)



# လူငယ်တို့အတွက်ဖတ်စာ – ၃

ရှိန်းခန့်ဇော်(ပင်းတယ)

ယနေ့ခေတ်တွင် လူငယ်ဟု ဆိုလိုက်သည်နှင့် သွက်လက်ထက်မြက်ပြီး ယုံကြည့်ချက်အပြည့်ဖြင့် ဘဝကို ဖြတ်သန်းသင့်သည့် အချိန်အခါ ဖြစ်သည်။ ယနေ့ခေတ်သည် ပညာခေတ်ဟုဆိုလိုက်သည်နှင့် ကျောင်းသင် ပညာရေးကိုသာ ရှေ့တန်းတင်ပြီး ကြည့်တတ်ကြသည်။ ကျောင်းပြင်ပ အသက် မွေးဝမ်းကြောင်းပညာများကို စိတ်မဝင်စားကြပေ။ အမှန်တကယ်မှာမူ လက်ရှိဘဝ စားဝတ်နေရေး အဆင်ပြေမှုကို ချည်းမဟုတ်ဘဲ မိမိဘဝ လမ်းကြောင်း တစ်လျှောက် မည်သည့်အလုပ်ဖြင့် ရှေ့ဆက်သွားမည် ကို ဦးစားပေးစဉ်းစား သင့်သည်။ ထိုသို့ ရွေးချယ်ရာတွင်လည်း မိမိ၏ဝါသနာနှင့် မိမိ၏ စိတ်ဓာတ်ပေါ်တွင် အဓိကကျပေသည်။ မိမိတို့ ၏ နေ့စဉ်ဘဝ စားဝတ်နေရေးကိုသာ အဓိကထားပြီး တစ်ပတ် တစ်ကြိမ် တစ်လ တစ်ကြိမ် ဖြင့် လုပ်ခများကို ရှင်းပြီး မိသားစုရေးအတွက် လုံးပန်းနေရသော လူငယ်များရှိသကဲ့သို့ မိမိ၏ ပညာသင်စရိတ်အတွက် မိမိကိုယ်တိုင်က ရှာဖွေနေကြရသော လူငယ်များလည်း ရှိကြပေ သည်။

**ယနေ့ခေတ်လူငယ်များဘာကြောင့် မအောင်မြင်ရသလဲ?**

မေးစရာပါ။ ယနေ့ခေတ် လူငယ်တွေ မအောင်မြင်ဘူး ဆိုတာဟာ

(၁) မိမိ၏ဝါသနာကဘာလဲဆိုတာကို သေသေချာချာ မသိခြင်း။

(၂)မိမိ ဝါသနာကို မိမိကိုယ်တိုင် သိသော်ငြားလည်း မိမိ၏နေရပ်ဒေသကို သံယောဇဉ် တွယ်လွန်းခြင်း၊

(၃) မိမိတွင်ဖြစ်ချင်သောဆန္ဒရှိသော်ငြားလည်း ကြိုးစားလိုစိတ်ကင်းမဲ့နေခြင်း၊

(၄)မိမိဘဝတိုးတက်အောင်မြင်ဖို့ကိုအလေးထားပြီး စွန့်စားလိုစိတ်မရှိခြင်း၊

(၅) သူတစ်ပါး၏ အားပေးချီးမြှောက်မှုကို လိုလား ခြင်း စသည့်အချက်များနှင့် ခရီးဆက်နေကြသော လူငယ်များ နေခြင်းကြောင့် ဖြစ်သည်။

(၁)မိမိဝါသနာကဘာလဲဆိုတာကို သေသေချာချာနားမလည်ခြင်း

မြန်မာလူငယ်အများစုသည် မိမိဝါသနာပါရာကို ယုံကြည်ချက်အပြည့်ဖြင့် လျှောက်လှမ်းသင့်သည်။ ကျောင်းနေ အရွယ်ကလေးဘဝတွင် ဝါသနာပါရာကို ရည်မှန်းထားသော်လည်း တွေးတတ်မြင်တတ်သည့် အရွယ်တွင် ရည်မှန်းချက်များ ပျောက်ကွယ်သွားတတ်သော လူငယ်များရှိသကဲ့သို့ မိမိကိုယ်တိုင်က ဘာလုပ်ရမည် မသိဖြစ်နေကြသော လူငယ်များလည်းရှိကြသည်။ မိမိ၏ဝါသနာကို အလေးထား ဆောင်ရွက်မှုများ ကင်းမဲ့နေတတ် သကဲ့သို့ တွေ့မြင်မိ သမျှအလုပ်ကို လုပ်ချင်သည့် လူငယ်များလည်း ရှိကြသည်။မိမိဝါသနာပါရာကို ယနေ့မဟုတ်လျှင် နံနက်ဖြန် ဖြစ်လာလိမ့်မည် ဆိုသော ရည်ရွယ်ချက်အပြည့်ဖြင့် ယုံကြည်ချက်ရှိရှိ၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းများဖြင့် လျှောက်လှမ်းသင့်သည်။

(၂)မိမိ၏ဝါသနာကို မိမိကိုယ်တိုင် သိသော်ငြားလည်း မိမိ၏နေရပ်ဒေသကို သံယောဇဉ် တွယ်လွန်းခြင်း

လူငယ်တို့သည် ပျော်ရွှင်ခြင်းကို နှစ်သက်ကြသည်။ မိမိနေရပ်ဒေသတွင်သာ ပျော်ရွှင်ကြသော လူငယ်အများစု ရှိသည်။ မိသားစုနှင့်အတူ မိမိ၏ နေရပ်ဒေသတွင် နေထိုင်ပြီး လုပ်ကိုင်စားသောက်ကြရသည်ကို ပိုမို နှစ်သက်ကြသည်ကို တွေ့မြင်ရသည်။ မိမိ ဝါသနာပါသည့်အလုပ်အကိုင်ကို အခြားသော နေရာဒေသတွင် သွားရောက်လုပ်ကိုင် လိုပါသော်လည်း မိမိ၏ မိသားစုနှင့်အတူ မိမိ၏ နေရပ်ဒေသကို သံယောဇဉ် တွယ်လွန်းနေကြသည်။ မိမိနေရပ်နှင့်မိသားစုတွင် တစ်သက်လုံးနေ၍ မရပေ။ မိမိဘဝဖြင့်သာ မိမိဘဝ တစ်သက်လုံး ဆက်လက်လျှောက်လှမ်း ကြရမည်ဖြစ်သည်။

(၃) မိမိတွင်ဖြစ်ချင်သောဆန္ဒရှိသော်ငြားလည်း ကြိုးစားလိုစိတ်ကင်းမဲ့နေခြင်း။

အချို့သော လူငယ်တို့သည် မိမိတွင် ဖြစ်ချင်သော ဆန္ဒရှိသော်ငြားလည်း ကြိုးစားလိုစိတ်ကင်းမဲ့နေ ကြသည်။ အဘယ်ကြောင့်နည်း။ အဓိကမှာ ကြိုးစားလိုစိတ် ကင်းမဲ့နေသည်မှာ မကြိုးစား ဖူးသေး၍ ဖြစ်သည်။ သို့သော် ပန်းထိမ်သမားဆီမှာ ပစ္စည်း အရည်အသွေးကောင်းကောင်းရချင်ပြီး ပုံစံလှလှ ရချင်သည် ဆိုပါစို့။ အခုချက်ချင်း လုပ်ပေးပါ့မယ်ဆိုလျှင် စိတ်တိုင်းကျ ပစ္စည်း ရချင်မှ ရမည်။ ထို့ကြောင့် အချိန်ပေးရန် လိုအပ်သည်။ စိတ်ရှည်လက်ရှည်နှင့် အချိန်ပေးပြီး

ကြိုးစားသင့်သည်။

(၄)မိမိဘဝတိုးတက်အောင်မြင်ဖို့ကို အလေးထား ပြီးစွန့်စားလိုစိတ်မရှိခြင်း

အလုပ်တစ်ခုကို လုပ်တော့ မည်ဆိုလျှင် မဝံ့မရဲ ဖြစ်နေကြသည်။ ပစ္စည်းတစ်ခု နေရာရွှေ့ ဖို့ဆိုသည်မှာ ရွှေ့လျားခြင်း အတွက် အလုပ် တစ်ခု လုပ်ပေးရ သည်။ တစ်စုံ တစ်ခုသော အရာကို လုပ်မှ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ တွေဝေခြင်းများ ရှိလာမည်။ သို့သော် အမှား ရှိတတ်သလို အမှားဆိုသည်ကား မှန်ကန်ခြင်း ၏ လျှို့ဝှက်ချက် ဖြစ်နေတတ်သည်။ မိမိ ဘဝ ကို အောင်မြင်ချင်သည် ဆိုလျှင် ဆင်ခြင် စဉ်းစားတွေး ခေါ်ပြီး ဆုံးဖြတ်ရပါလိမ့်မည်။ မွေးရပ်က ကိုယ့်ဘဝကို အောင်မြင်စေနိုင်သည့် အချက်ရှိသလား။ ဆင်ခြင်သုံးသပ်သင့်ပါသည်။ မရှိလျှင် ထိုနေရာကနေပြီးအရဲစွန့် ထွက်ခွာသင့် သည်။

**(၅) သူတစ်ပါး၏ အားပေးချီးမြှောက်မှုကို လိုလားခြင်း**

သူတစ်ပါး၏ အားပေး ချီးမြှောက်မှုကို တောင်းတပြီး ဘဝအချိန်များကို ဆိုင်းငံ့ထား ရသည့် လူငယ်များလည်း ရှိသည်။ အချို့သော လူငယ်များသည် မိမိကိုယ်တိုင်က ကြိုးစားချင သောစိတ်ရှိကြသည်။ အချို့သော လူငယ်များမှာ မိမိကိုယ်တိုင်က ကြိုးစားရမည့်အချိန်ကိုလည်း ကြိုးစားရမည့် အချိန်မှန်းမသိဖြစ်နေကြ သည်။ အခြားသော လူငယ်များမှာမူ ကြိုးစားချင်စိတ် ရှိသော်ငြားလည်း လူအများ၏အားပေးမှုကို လို လားနေကြသည်။ လုပ်နေရင်လည်း ကောင်း သည်၊ တော်သည်ပြောမှ ဆက်လုပ်ပေးချင် သော လူငယ်များ ရှိသည်။ သူတို့လုပ်ပြီး သွား ရင်လည်း တော်ပါတယ်။ ဆက်လုပ်ပါ ပြောပြီး အားပေးချီးမြှင့်ပေးမှ နောက်တစ်ကြိမ် ပြန်လုပ် ချင်သည့် လူငယ်များလည်းရှိသည်။

လူငယ် တစ်ယောက်ဟု ခံယူထားလျှင် သွက်သွက် လက်လက်နဲ့ ရဲရဲလုပ်ရန် လိုသည်။ မိမိ ကိုယ်ကို ကိုယ်တိုင် အားပေးချီးမြှောက်ရန် လိုသည်။ အလုပ်တစ်ခုကိုဖြစ်စေ၊ ခရီးတစ်ခုကို ဖြစ်စေ ဖြစ်ပါ့မလား ဆိုသည်ကိုမတွေးဘဲ ငါ လုပ်နိုင်သည် ဟူသည့် အတွေးမျိုးကို ထားသင့် သည်။

လောကအလယ်တွင်ဘဝဖြတ်သန်းမှုများ သည် လူငယ်တစ်ယောက် အတွက် တစ်ခါတရံ ဆန်းကျယ်နေ တတ်သည်။ ဆန်းကျယ်မှုများကို တွေ့ကြုံရသည့်အခါ ဆက်လက် ဖြတ်သန်း ရ မည့် ဘဝများကို မေ့ပျောက်သွား တတ်သလို ဆန်းကျယ်လွန်းပေမယ့် ဖြတ်ကျော် လိုက်သည့် အခါ ပျော်ရွှင်စရာ၊ ကြည်နူးစရာ၊ ဝမ်းသာအာရ စရာဆိုသည့်ဘဝ၏အောင်မြင်ခြင်းများတကယ် ရှိသည် ဆိုတာကို မမေ့သင့်ပါ။

အတိတ်ဆိုတာ ဘဝ၏ လျှောက်လမ်း ပြီးသွားတဲ့ လမ်းဟောင်းတွေပါ။

ပစ္စုပ္ပန်ဆိုတာက ဘဝရဲ့ဖြစ်သန်းမှုတွေကို ဆက်လက် ဖန်တီးနေတဲ့အချိန်ပါပဲ။

အနာဂတ် ဆိုတာကတော့ အောင်မြင်ခြင်းတွေကို ပိုင်ဆိုင်နိုင်မယ့် မနက်ဖြန်များစွာ ကိုဆိုလိုတာပါ။

ဆက်လက်ဖော်ပြပါမည် ..။

ရှိန်းခန့်ဇော်(ပင်းတယ)




# ခမ်းချောင်း အင်းစိန် ဟားဗတ် (စာညွန်း)

သူရ

**| မမျှော်လင့်တဲ့ လမ်းဆိုတာ**

၁၉၈၈ ဒီမိုကရေစီ အရေး လှုပ်ရှားမှု ကြီးဟာ ခေတ်ရဲ့ သမိုင်းပေး တာဝန်ဖြစ်ခဲ့ပါတယ်။ ဒီခေတ်ကြီးကပေးတဲ့ ခေတ်ရဲ့ သမိုင်းပေး တာဝန်ကို မမျှော်လင့်ဘဲ ထမ်းဆောင်ဖို့ အဲ့ဒီခေတ်ရဲ့ လူငယ်တွေက ကိုယ်တိုင်ရွေးချယ်ခဲ့ကြပါတယ်။ နဂိုကတော့ ဘယ်လူငယ်ကများ ရုတ်တရက်ထပြီး နိုင်ငံရေးလုပ်မယ်လို့ စိတ်ကူးမိမှာလဲ။ ၈၀ မှာ ၁ ယောက်ဖြစ်နိုင်ဖို့ ခဲယဥ်းမယ် မဟုတ်လား။ ဒါပေမယ့် တကယ့်ကို သမိုင်းက တာဝန်ပေးလာတဲ့အခါ ခေတ်ရဲ့ တာဝန် သမိုင်းရဲ့ တာဝန်ကို ကျေပွန်အောင် အသက်နဲ့လဲပြီး ထမ်းဆောင်ခဲ့တဲ့ သူရဲကောင်း လူငယ်တွေမှ တစ်ယောက်ပြီး တစ်ယောက်။ သူတို့တတွေ ရေးထိုးခဲ့တဲ့ သမိုင်းစာမျက်နှာတွေ တစ်ရွက်ပြီး တစ်ရွက်။

ဒီလိုမျိုး မမျှော်လင့်ဘဲ တိုက်ခဲ့ကြတဲ့ ဒီမိုကရေစီ တိုက်ပွဲမှာ မထင်မှတ်ဘဲ ပါဝင်ခဲ့တဲ့ ရဲရဲတောက် လူငယ်တွေအများကြီးပဲ။ ဒီအထဲမှာ ကောင်မလေး တစ်ယောက် ပါတယ်။ ဒီကောင်မလေးဟာ တက္ကသိုလ်ကျောင်းသူဆိုလည်း ဟုတ်တယ်။ ကလေးတွေကို စာသင်တဲ့ ကျောင်းဆရာမ ဆိုလည်း မမှားဘူး။ ဝတ္ထုတို ရေးရာမှာ နာမည်ရခါစ စာရေးဆရာမ ဆိုလည်း မှန်တယ်။ သူ့အတွက် အဲဒီအချိန်ဟာ ရွှေလိုအချိန်။ တက်ကြွတဲ့အပြင်ကြွတက်နေတဲ့အချိန်။ စိတ်ထဲမှာ သူတွေးထားတာက ခွဲစိတ်ဆရာဝန် တစ်ယောက်။ အခမဲ့ ဆေးရုံထောင်ပြီး ဆေးကုပေးနေမယ့် ဆရာဝန်မကြီး တစ်ယောက်။ ပြီးတော့ ဝတ္ထုတိုတွေ တပုဒ်ပြီးတပုဒ် ရေးနေမယ့် ရသစာရေးဆရာမတယောက်။ မြကျွန်းသာ ဘွဲ့နှင်းသဘင် ခန်းမကို တမ်းတခဲ့တဲ့ ကောင်မလေး တယောက်။ ဒါတွေဟာ ဆယ်ကျော်သက်ဘဝ

လျှောက်နေဆဲ လမ်းတခု။ ဒါပေမယ့် ... ။

## ။ စာအုပ်တအုပ် လူတယောက် နိုင်ငံတနိုင်ငံ

ကျနော် အခု ပြောချင်တဲ့ စာအုပ်ကတော့ မသီတာ ( စမ်းချောင်း ) ရေးတဲ့ စမ်းချောင်း အင်းစိန် ဟားဗတ် ဆိုတဲ့ စာအုပ်။ ကိုယ်တိုင်ရေး autobiography လို့ ပြောနိုင် ပေမယ့် စာရေးဆရာ ကိုယ်တိုင်က ဒါဟာ ထောင်တွင်း အတွေ့အကြုံတွေလို့ ဆိုထားပြန်တော့ ပြောဖို့က ခက်ခက်။ ကျနော်ကတော့ ထောင်တွင်း experience သက်သက်ဆိုတာကိုပဲ ထောက်ခံချက် ပေးချင်ပါတယ်။ဒါပေမယ့် သူအခြေခံထားတာတော့ စမ်းချောင်းကနေပါ။ သူ့ရဲ့ ဆယ်ကျော်သက်ဘဝ ကျက်စား ကျင်လည်ခဲ့ရာကနေပါ။

## ။ စမ်းချောင်းက ချာတိတ် ပြီးတော့ ရဲရဲတောက်လူငယ်

စမ်းချောင်း အင်းစိန် ဟားဗတ်မှာ စမ်းချောင်းဆိုတဲ့ စကားလုံးကနေ စပြီး အညွှန်းရေးရမှာပဲ။ စမ်းချောင်းပိုင်း ဆိုတာ မသီတာရဲ့ ဆယ်ကျော်သက် ဘဝအပိုင်းပါပဲ။ မသီတာဟာ ဒီစာအုပ်ကို ရေးတဲ့အခါမှာ သူ့ရဲ့ ထောင်တွင်း အတွေ့အကြုံကို ဦးစားပေး ချင်ပုံရတယ်။ ထောင်မကျမီ သူလုပ်ခဲ့တဲ့ နိုင်ငံရေး ဖြစ်စဉ်အချို့ရဲ့ စပြီးလုပ်ဖြစ်ခဲ့ပုံနဲ့နောက်ပိုင်း ထောင်ထဲရောက်တဲ့အခါ စိတ်ကို ထားတတ်အောင် ကိုယ့်ကိုကိုယ် ဆုံးမဖို့ ကြိုးစားရပုံတွေကို ပိုပြီး ပေါ်လွင်အောင်သာ ဆယ်ကျော်သက်ပိုင်းကို စမ်းချောင်းဆိုပြီး အပိုင်း ( ၁ ) သဘောမျိုး ဖော်ပြခဲ့ပုံ ပေါ်ပါတယ်။

စမ်းချောင်းဆိုတဲ့ အပိုင်းထဲက မသီတာ ငယ်ငယ်က ယောကျ်ားလေးလို နေတယ်။ ယောကျ်ားလေးလို စိတ်ထားတယ်။ ယောကျ်ားကောင်း ယောကျ်ား မြတ်တို့ ကျင့်ဆောင်အပ်တဲ့ တရားတွေကို ကြိုးစားကျင့်ကြံနေတဲ့ မိန်းမပျိုတစ်ယောက်။ အဲဒီ တရားတွေကို ခုံမင်တဲ့ မိန်းမပျိုတစ်ယောက်။

စမ်းချောင်းအပိုင်းမှာတော့ ငယ်ဘဝကို ငယ်စိတ်ဓာတ် အသားပေးတယ်။ အသက် ၁၆ ၁၇ လောက်မှာ သူ စာစရေးတယ်။ ငယ်ငယ်ကတည်းက ပါလာတဲ့ စာပေပိုးက ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ထကြွလာတယ်။ ဝတ္ထုတို လက်ရာတွေ သိပ်ကို ကောင်းလို့ စာရေးဆရာတွေတောင် လက်ဖျားခါရတဲ့ မိန်းကလေး။

ဒီမိန်းကလေးက စာရေးတဲ့ နေရာမှာ ရသတင် ရေးတတ်တယ်လို့ ထင်စရာကောင်းခဲ့မယ်။ တကယ်တော့သူ့မှာ ရသပိုးတင် ရှိတာမဟုတ်ဘူး။ သတင်းသမားပိုး ပြန်ကြားရေးပိုးဆိုတာလည်း ရှိတယ်။ သတင်းသမားပိုး ပြန်ကြားရေးပိုးဆိုတာ အမှန်ကို အမှန် အတိုင်း ပြောတာ။ ဘာကိုမှ မကြောက်သလို ဘယ်လိုကိစ္စမျိုးနဲ့ ခြောက်ပြပြ လက်မတွန့်မယ့် ပိုးမျိုး။ ဒီပိုးက ဘယ်မှာပေါ်သလဲဆိုတော့

ဆေးကျောင်းသူဘဝ သုတေသန စာတမ်း မှာ ပါပဲ။ သုတေသနစာတမ်းလား တိုင်စာလားလို့ ရေးရလောက်အောင် ဩချလောက်တဲ့ ရီပို့ ဖြစ်ခဲ့ ပါသတဲ့။ မသီတာ ... မသီတာ ဒါကြောင့်လည်း နောက်ပိုင်း ပြန်ကြားရေးသမား သတင်းသမား အပြင် ပေဖူးလွှာမဂ္ဂဇင်းရဲ့အမည်မခံ အယ်ဒီတာ အထိ ဖြစ်ခဲ့တာကိုး။

မသီတာဘယ်လို နိုင်ငံရေး နယ်ပယ်ထဲကို ရောက်သွားသလဲဆိုတော့ ခေတ်ရဲ့ သမိုင်းပေး တာဝန်ကြောင့်ပဲလို့ပဲ ဆိုချင်တယ်။ သူ့အနေနဲ့ ငယ်ငယ်တုန်းက မျှော်လင့်ခဲ့တာက နိုင်ငံရေး သမား တယောက်ဖြစ်ဖို့ဆိုပြီး ခေါင်းစဉ်တပ် ထားတာမှ မဟုတ်ဘဲ။

မသီတာက အစောပိုင်း အရေးအခင်း ကာလတွေက စပြီး ၈၈ ကို ပါခဲ့တာ မဟုတ် ပေမယ့် သူပါဝင်ခဲ့တာဟာ ဒေါ်အောင်ဆန်းစု ကြည်နဲ့ ရှေ့နောက်ဆင့်ပဲလို့ ဆိုနိုင်ပါတယ်။ စဖြစ်ကတည်းက မပါခဲ့ပေမယ့် ဒီမိုကရေစီ တော်လှန်ရေး စကတည်းက ကြားနေ မြင်နေ ရတာပါ။

မသီတာကို ခေတ်သမိုင်းက တာဝန်ပေး ခဲ့တာပါ။ ဘယ်ဟာကို ကြည့်နိုင်သလဲဆိုတော့ အစောပိုင်း ကာလတုန်းက စာမေးပွဲရှိတာနဲ့ စာပဲကျက်နေရလို့ BBC နဲ့ တောင် ခဏ အဆက်ပြတ်နေတယ် ဆိုတာပါပဲ။ ဒါကို ကြည့် ရင် မသီတာဟာ အစကတည်းက သူကိုယ်တိုင် ရွေးချယ်ခဲ့တာ မဟုတ်ပါဘူး။ နောက်ပိုင်းမှ ခေတ်က ရွေးချယ်သွားတဲ့ လူတယောက်ဆိုတာ ပေါ်လွင်ပါတယ်။

( အစကတည်းက ကိုယ်တိုင် ရွေးချယ်ပြီး တိုက်မယ်ဆိုတဲ့ လူတွေတောင် အဖျားရှူးသွား ပေမယ့် တကယ့်ကို ခေတ်က တောင်းဆိုလာလို့ ခေတ်ဝန်ကိုထမ်းခဲ့တဲ့ မသီတာကတော့ တာဝန် ကျေခဲ့တဲ့အပြင် နောက်ပိုင်း ကိစ္စတွေမှာ သူ ကိုယ်တိုင် တက်တက်ကြွကြွ ထဲထဲဝင်ဝင် ပါဝင် လာတာ တွေ့နိုင်မှာပါ။ )

မသီတာကို ခေတ်သမိုင်းက ရွေးချယ်ခဲ့ ပေမယ့် မသီတာဟာ ရွေးချယ်မှုကို တာဝန်ကျေ ခဲ့ပါတယ်။ စာရေးဆရာတွေ ပန်းချီဆရာတွေနဲ့ ပူးပေါင်းပြီး အရောင်သစ်ဆိုတဲ့ စာစောင်ကို လည်း ကူညီ ထုတ်ဝေခဲ့သလို သမဂ္ဂစာစောင် တွေမှာလည်း အားဖြည့် ရေးသားပေးခဲ့ပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကလောင် တစ်ချောင်းရဲ့ တာဝန်ကို ကျေခဲ့သူပါ။ စစ်တပ်က အာဏာ သိမ်းပြီးတာတောင်မှပဲ တယ်လီဖုန်းနဲ့ သတင်း ရေးပေးခဲ့လောက်အောင် သတင်းသမားတာဝန် ကျေခဲ့သူ ဖြစ်ပါတယ်။ နောက် စည်းရုံးရေး ခရီးစဉ်တွေကို အဖွဲ့ ကျန်းမာရေး စောင့်ရှောက် တဲ့သူ အဖြစ်ရော ပြန်ကြားရေး တာဝန်နဲ့ပါ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူ လိုက်ပါခဲ့ပါ တယ်။ ခရီးစဉ် မှတ်တမ်းတွေလည်း သူပဲ လိုက် ရေးခဲ့တာပါ။

စည်းရုံးရေးခရီးစဉ်တွေမှာလည်း မသေရုံ တမယ် နေမကောင်းတာတွေ ခဏခဏ

ဖြစ်ခဲ့ပြန်ပါတယ်။ ဒီကြားထဲက အောင်မြင်အောင် လုပ်ခဲ့တာချည်းပါ။ မအောင်မြင်တာဆိုလို့ ကချင်ပြည်နယ် ခရီးစဉ်ပဲ ရှိခဲ့ပါတယ်။ စမ်းချောင်းက ချာတိတ်လေးကနေ လူငယ်လေးဖြစ်လာတဲ့ မသီတာကလည်း ခေမှ မခေဘဲကိုးဗျ။

## ‌| အင်းစိန်ဆိုတဲ့ နေရာ

မသီတာရဲ့ထောင်မကျခင်အထိဖြတ်သန်းမှုကလည်း ဘယ်ချိန် အဖမ်းခံရမလဲ ဆိုပြီးအသည်း တယားယားပါ။ အကြီးကြီးတွေနဲ့နောက်ဆုံး ဖမ်းမမိဘဲ သုံးရောင်ခြယ် လူငယ်တွေကို ခေတ်ပြိုင်ဂျာနယ် ပေးဖတ်တဲ့ ကိစ္စနဲ့စစ်ကြောခံလိုက်ရပါတယ်။ နောက်တော့ ပျဉ်းမနားကို ခရီးထွက်ပြီး ပြန်အလာ တကယ်ကြီးပဲ စစ်ကြောကနေ အဖမ်းခံလိုက်ရတာပါပဲ။ နောက်တော့ ဘယ်ရောက် သွားသလဲဆိုတော့ .. အင်းစိန်။

အင်းစိန်အကြောင်း နိုင်ငံရေး အကျဉ်းသားဘဝနဲ့ ဖြတ်သန်းမှုတွေအကြောင်း ရေးကြတာ များလွန်းလို့။ ဆရာဦးဝင်းတင်က " ဘာလဲဟဲ့ လူ့ငရဲ " တဲ့။ သတင်းသမားပီပီ တည့်ဆော်ထားတယ်။ " ထောင်ဆိုတာ ငရဲ " ဒါပဲ။ နောက်ဇာဂနာကတော့ " ပထမ ဒုတိယ တတိယ + စတုတ္ထ " ဆိုပြီး သုံးအုပ် ထုတ်ထားတယ်။ သူကတော့ လူရွှင်တော်ပီပီ အရွှန်းဖောက်လို့ရေးထားတယ်။ " ထောင်ဆိုတာ ပျော်အောင်နေတတ်ရသတဲ့။ "

မသီတာ ( စမ်းချောင်း ) ရဲ့ စမ်းချောင်းအင်းစိန် ဟားဗတ်ကတော့ ထောင်ဆိုတာ နေရာတခုထပ် မပိုဘူးဆိုတဲ့ သဘော ရေးထားတာလို့ခံစားရတယ်။ ရသ စာရေးဆရာမဆိုတော့ ရသအမြင်နဲ့ ရေးထားတယ် ထင်တယ်။ အတော်ကလေး ဖတ်ပျော်ပါတယ်။ အနှစ်နှစ်ဆယ်ကျတဲ့ ထောင်ကျ တယောက်ရဲ့ ဘဝ ဖြတ်သန်းမှုကို ဒီစာအုပ်မှာ အသားပေးထားတယ်။ ဒီစာအုပ်ရဲ့ အဓိက အပိုင်းက အင်းစိန်ပဲ။ အကယ်၍သာ အင်းစိန်အပြီး ဟားဗတ်မပါခဲ့ရင် ဒါကိုနိုင်ငံရေး အကျဉ်းသား တယောက်၏ ထောင်ဖြတ်သန်းမှု မှတ်တမ်းလို့တောင် ခေါ်နိုင်တယ်။

အဲ့ဒီခေတ် ထောင်ဆိုတဲ့ နေရာဟာ လူ့အခွင့်အရေးတွေ နည်းပါးနေတဲ့အရာ။ မဲ့နေတဲ့နေရာ။ ပညာတတ် အကျဉ်းကျသူတွေကို ပညာမဲ့ ဝန်ထမ်းတွေက ဖိနှိပ်တဲ့နေရာ။ ဦးဝင်း တင်စကားနဲ့ဆို ငရဲပဲ။

မသီတာ ထောင်ကျတော့ မသီတာ ကံကောင်း နေသေးတယ်တောင် ဆိုရမယ်။ မချူးနဲ့ တွေ့ခဲ့လို့။ မိတ်ဆွေကောင်း တစ်ယောက်ကိုရခဲ့တာပေါ့။ အနည်းဆုံးတော့ ယုံကြည်ရလောက်တဲ့ အဖော်ဖြစ်ခဲ့တယ်။ ထောင်ထဲမှာတောင်းဆိုမှုတွေ လုပ်တိုင်း မသီတာ့ ဘက်ကရပ်တည်ပေးတတ်တဲ့ မသီတာရဲ့ သူငယ်ချင်း။ မိတ်ဆွေ။ မသီတာနဲ့ အတူတူ အကောင်းအဆိုးတွေကိုမျှဝေခဲ့တဲ့ မိတ်ဆွေကောင်း။

မသီတာတို့မှာ ထောင်ထဲဆိုတော့ ထောင်ဝင်စာကို အားကိုးရတယ်။ ထောင်ဝင်စာနဲ့ ပက်သက်လို့လည်း အခွင့်အရေးတွေ အတော် ချိုးဖောက်ခံရတယ်။ ဒါမျိုးကို မသီတာက တိုက်ထုတ်ခဲ့တယ်။ ဥပမာ ဇွန်း တချောင်းနဲ့ ဟင်းခွက်တိုင်း အမွှေမခံနိုင်တာမျိုးပေ့ါ။ ဒီကတည်းက မသီတာဟာ ထိပ်တန်း မိန်းမပဲလို့ အကျဉ်းဦးစီးက လူတွေ တွေးမိခဲ့မှာပဲ။

အစကတော့ မသီတာဟာ ကိုယ့်ဖို့သာလို့တောင်းဆိုခဲ့တာတွေ ကိုယ့်ကို ဖိနှိပ်လို့ တစ်ကိုယ်တော် တော်လှန်ခဲ့တာတွေ ရှိချင်ရှိနိုင်မယ်။ နောက်ပိုင်းတော့ မသီတာဟာ အများအတွက် သိသိသာသာကြီး ရှေ့က လမ်းပြဖြစ်ခဲ့တယ်။ ဖိရင် ပြန်ကန်တတ်တာ စပရင်မှ မဟုတ်ဘူး။ elasticity ရှိတဲ့ အရာမှ ပြန်ကန်တာ မဟုတ်ဘူး။ အသိဉာဏ် ဖွံ့ဖြိုးတဲ့ သက်ရှိတိုင်း ဖိနှိပ်ရင် တွန်းလှန်တတ်တယ်။ တော်လှန်တတ်တယ်။

မသီတာဟာ တော်လှန်လွန်း တွန်းလှန်လွန်း ကလန်ကဆန်လုပ်လွန်းနေတာ မဟုတ်ပါဘူး။ လိုအပ်မှ လုပ်တယ်။ ဒါဟာ သူရဲ့ ပေါ်ပြူလာ မဖြစ်ချင်တဲ့ စိတ်သဘောထားပဲ။ အစကတည်းကသာ ပေါ်ပြူလာ ဖြစ်ချင်ခဲ့ရင် သူ ပေါ်ပင် နိုင်ငံရေးပဲ လုပ်ခဲ့မှာပေ့ါ။ ပေါ်ပြူလာ မဖြစ်ချင်ဘဲ နိုင်ငံ့ဝန် ခေတ်ဝန် ထမ်းခဲ့တာကလွဲရင် သူ့အနေနဲ့ ဘာမှ နာမည်ကောင်း မယူလိုတာ ထင်ရှားတယ်။ ထောင်ထဲမှာလည်း ကျန်းမာရေး ဖောက်ပြန်မှုတွေ ခဏခဏဖြစ်တယ်။ အကြီးအကျယ်ကတော့ ၂ ခါပဲ။ ဒါပေမယ့် သေလောက်အောင် ပြင်းထန်ခဲ့တယ်။

နောက် အင်းစိန်နဲ့ ပက်သက်ပြီး ပြောချင်တာက ဘာသာရေး အလုပ်ပဲ။ မသီတာဟာ Buddhism ကို ism တခုအနေနဲ့ အလေးအနက် လိုက်နာသွားတယ် ဆိုတာကို တွေ့ရတယ်။ သူရဲ့ သေပြီးဘုံဌာန ဆိုင်ရာ ကြောက်ရွံ့မှုကို ဖတ်နေစဉ်မှာ မသီတာတယောက် နိုင်ငံရေး ခံယူချက်တွေ ပျော့ညံ့ကုန်ပြီလားလို့ ထင်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်း သေချာဖတ်ကြည့်တော့မှ သူဟာ ဗုဒ္ဓ ဓမ္မကို practical ကျကျလေ့လာလိုက်စားခဲ့တာပဲ။ ဒါကြောင့်လည်း သူဟာ ထောင်ထဲမှာ အေးချမ်းမှုကို ရရှိခဲ့တဲ့အပြင် နောက် ဒုတိယမြောက် သေလုသေခင် ကျန်းမာရေး ဖောက်တော့လည်း ကောင်းကောင်း ဖြတ်ကျော် နိုင်ခဲ့တာပါတဲ့။ ဘယ်လိုပြောပြော မဆိုးသာပါဘူး။ ဗုဒ္ဓ ရဲ့ Meditation ကို လက်တွေ့ အသုံးချသွားတာပဲ။ မသီတာ ဗုဒ္ဓရဲ့ Meditation ပညာမှာ အဓိက ချဉ်းကပ်ခဲ့တာဟာ သိစိတ်ပါ။

## ဟားဗတ်

အင်းစိန်မှာတော့မသီတာရဲ့ အတွေ့အကြုံတွေ အများကြီးတွေ့ရမှာပါ။ ရှုထောင့်စုံကပါတာမို့ သေချာလေး ဖတ်စေချင်ပါတယ်။ ဟားဗတ်ကတော့ ထောင်ကလွတ်ပြီး နောက်ပိုင်းပါ။ ထောင်ထဲတုန်း ကတည်းက မသီတာ

ဟာ နိုင်ငံတကာ စာပေဆုတွေ လွှတ်လပ်ခွင့်ဆုတွေ ရခဲ့ပြီး နာမည် ကျော်ခဲ့ပါတယ်။

**( ဒီစာအုပ်ကို ဟားဗတ်မှာ ရေးပါတယ် )**

ကျနော် စာအုပ်ကို အများကြီး ဒီထက်ပို ညွှန်းပေးချင်ပါတယ်။ ဒါပေမယ့်အတိုင်း အတာအရ Book Review တပုဒ်ဟာ ဒီလောက်ပဲ ဖြစ်သင့်တယ် ထင်လို့ပါ။

ဒီစာအုပ်ကို ငါတို့စာပေက တတိယအကြိမ် ပြန်ထုတ်ပါပြီ။ Audio Book လည်းပါပါတယ်။ ကားမောင်းရင်း ဘာညာလုပ်ရင်း အလုပ်မပျက် နားထောင်လို့လည်း ရတာပေါ့။ တခုပဲကွာမှာပါ။ စာအုပ်က တွေးဖို့ ကြားချိန် ကိုယ့်ဖာသာ ယူနိုင်မယ်။ အသံစာအုပ်ကတော့ သူ့ဖာသာသူ ဖတ်ပြသွားမှာပဲ။ စာပေတိုက်ကတော့ ၂ မျိုးလုံး အဆင်ပြေအောင် လုပ်ပေးထားတာမို့ ဝယ်ယူဖတ်ရှုဖို့ ထပ်တိုက်တွန်းပါရစေ။

သူရ

# ဗုဒ္ဓ အလုပ်ရှုပ်နေသည်

ကိုပြည့်

အစုခေတ်မှာ လူတွေချည်းမဟုက် ဗုဒ္ဓလည်း အလုပ်ရှုပ်ပေသည် ။ သစ္စာလေးပါး သိမြင်တော်မူ၍ သံသရာ လွတ်ကြောင်း ဟောပြခဲ့သည့် ဗုဒ္ဓသည် ယနေ့ခေတ်တွင် အတော်ပင် အလုပ်ရှုပ်ချေပြီ ။

ဖူးမျှော်ရန် လာရောက်ကြကုန်သော လူအပေါင်း၏ ဖိနပ်အပ်ရန်ကိစ္စမှအစအမှိုက် သိမ်းတံမြတ်စည်းလှည်း ကိစ္စပင် ဗုဒ္ဓက တာဝန်ယူထားရသည် ။

အခြားအခြားသော ဘာသာများတွင် ၄င်းကိစ္စမရှိ ဗုဒ္ဓဘာသာတွင်သာ မိမိဘာသာ၏ ကိုးကွယ် ဆည်းကပ်မှုတွင် ကန်ထရိုက်ထံပိုက်ဆံပေး နေရခြင်းမျိုး ဖြစ်သည် ။

ဗုဒ္ဓတွင် နေ့စား အလုပ်သမားများ ရှိသကဲ့သို့ လခစား အလုပ်သမားများလည်းရှိသည် ။ အလှူခံငွေ ဤမျှရရှိရန်အလို့ငှာ နေ့စား အလှူခံသမားများကို ဗုဒ္ဓမှ ငှားရမ်းထားရှိသည် ။ နေ့စားသမားများမှလည်းနေ့ထွက်ကိုက်စေခြင်းငှာ ဘုရားဖူးများထံမှ အလုအယက် အလှူ ခံကြရသည် ။

ဗုဒ္ဓ၏ဘက်စုံဖွံ့ဖြိုးခြင်းဆိုင်ရာကိစ္စ အဝဝကို ဗုဒ္ဓထက် ကြီးမြတ်သော ဂေါပက လူကြီးများက တာဝန်ယူ လုပ်ဆောင်နေခြင်း မျိုး ဖြစ်သည်။

တဏှာ ၊ ရာဂ၏အဆိုးအပြစ် အကြောင်းကို နက်ရှိုင်းစွာသိမြင်တော်မူသော ဗုဒ္ဓသည်လည်း ယခု ဂေါပက လူကြီးများ၏ အုပ်ချုပ်မှုလက်အောက်တွင်မှ ဇာတ်ပွဲ ၊ အငြိမ့်ပွဲ နှင့် စတိတ်ရှိုးပွဲများပါ ကြည့်ခွင့်ရနေသည်။

ဗုဒ္ဓသည် တစ်နှစ်တစ်ခါ ၄င်း၏ ပွဲတော်လတွင် ဈေးဆိုင်ခန်းငှားရမ်း ရောင်းချခြင်း လုပ်ငန်း ပွဲသွင်း ဇာတ်ကစေခြင်း ကန်ထရိုက်

လုပ်ငန်းများနှင့် စေတီရွှေချရန် လုံးပန်းရ ပြန်သည် ။

မြန်မာပြည်၏ ဘုရားများအနက် နာမည်ကြီး တန်ခိုးကြီးဘုရားနှင့် နာမည်မကြီး တန်ခိုးမကြီးသော ဘုရားဟူ၍ နှစ်မျိုး ခွဲခြား ထားကြသည် ။

တန်ခိုးသိပ်မကြီးသောဘုရားများမှာ အိမ်၏ ဘုရားဆောင်တွင် တည်ထားကိုးကွယ်သော ဘုရားများဖြစ်၍ ၊ တန်ခိုးကြီးဘုရားများကိုမူ အနယ်နယ်အရပ်ရပ်မှယနေ့ခေတ်လူကြီးလူငယ်များ၏ ဘုရားဖူးရာသီချိန်တွင် ၎င်းတို့၏ လက်ကိုင်ဖုန်း နှင့် ကင်မရာမျိုးစုံတို့တွင် ဖူးမျှော်နိုင်သည် ။

ထို့ကြောင့် ဘုရားဖူးရာသီချိန်ဆိုလျှင်ဖြင့် ဘုရားများသည်သူ့ထက်ငါဘုရားဖူးလာ ရောက်ရန် အလို့ငှာ နည်းအမျိုးမျိုးဖြင့် ဆွဲဆောင်ကြရပြန်သည် ။

အချို့ ဘုရားများသည် အချေကြီးသဖြင့် ထိခွင့်ကိုင်ခွင့်မရ ။ အချို့ဘုရားများကတောဖြင့် မှင်ဖြတ်ဆေးဖြင့် စာရေးခံရ လျှင်တောင် မငြူစူပဲ သည်းခံတော်မူနိုင်ကြသည် ။

အချို့ဆိုလျှင်လည်း ဘုရားရင်ပြင်တော်တွင်သာမက ကိုယ်လုံးတော်ပေါ်တွင်ပါ အလှည့်ကြ ဆဲဖီးဆွဲကြသည် ။ ဘုရား သည်းခံတော်မူနိုင်လွန်းပေသည် ။

ဒါမှလည်း တန်ခိုးကြီး ဘုရားလာ ရောက်ဖူးမျှော်သူများ စိတ်ကျေနပ်၍ နောင်နှစ်များတွင်လည်း ထပ်မံ လာရောက်နိုင်အောင် သည်းခံလိုက်ခြင်း မျိုးလည်း ဖြစ်နိုင်သည် ။

စေတနာသုံးတန်ပျက်သည်ဖြစ်စေ မပျက်သည်ဖြစ်စေ အလှုအယက် ခွဲတန်းများဖြင့် ဘုရား အလှူခံထွက်ရသည် ။ အလှူခံ မဏ္ဍပ်တွင်လည်း ခေတ်ပေါ်သီချင်းများ ဖွင့်၍ အလှူရှင်များ နားပသာဒ ဖြစ်စေရန်လည်း ဘုရားကြိုးစားရသေးသည် ။

သို့မှသာလျှင် သာသနာတော်ကြီး အစွန့်ရှည် ခိုင်မြဲစေခြင်း လုပ်ငန်းများအား ဘုရားကြိုးစားနိုင်ပေဦးမည် ။

ဘုရားသည် သူ့အတွက်ချည်း မဟုတ်ဘုရားရင်ပြင်တော်ပေါ်ရှိ ၊ ဘိုးဘိုးကြီး ရုပ်ထု ၊ အဘဘိုးမင်းခေါင်ရုပ်ထု နှင့် အခြား အခြားသော ဘာရုပ်ထု ညာရုပ်ထုများအတွက်လည်း ရန်ပုံငွေကို ဘုရားမှဦးဆောင်၍ ပြုပြင် မွမ်းမံရသေးသည် ။ ဘက်စုံတော်သည့် ဘုရားပင် ။

ဘုရားအနီးအနားတွင် ဘုရားဖူးသူ လူအများကို နည်းအမျိုးမျိုးဖြင့် ဂျင်းထည့်နေသူများ ရှိသည် ။ လူစည်ကားစေခြင်း အလို့ငှာ ဘုရားလည်း မျက်ကွယ်ပြုထားဟန်တူသည် ။

ဘုရား ရင်ပြင်တော်ပေါ် ရေ့သန့်စက်မှ သောက်ရေခွက်ကို ဘုရား စောင့်ကြည့်ရသည်။ စောင့်ကြည့်မနေလျှင် အများသုံးရေခွက်သည် မိသားစုသုံးဖြစ်သွားနိုင်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် နောက်နောင်တွင် ပိုက်လုံးနှင့် စုပ်၍ ရေသောက်နိုင်အောင် စီစဉ်နေကြောင်း လည်း ဗုဒ္ဓ ထံမှ သိရသည် ။


အထူးသဖြင့် ဘုရားသည် ဘုရား အနီး အနားရှိ သမီးရည်းစာ အတွဲများကို ဂရု တစိုက် စောင့်ကြည့်ရသည် ။ ၄င်းတို့သည် လူလစ်လျှင် လစ်ခြင်း ဘုရားရင်ပြင်ပေါ်တွင်ပင် .....၊ မည်သို့မျှ မတင့်တော်ရာ မဖွယ်မရာ ကိစ္စမို့ ဘုရား အလုပ်ရှုပ်ရပြန်သည်။ ချောင် ကောင်း ကောင်းများ ကို ပို၍ဂရုစိုက်ရသည် ။ ထို့ကြောင့် ဗုဒ္ဓသည် စီစီတီဗီ များကို အားကိုးရသေးသည် ။

အလှူခံရရှိထားသော အလှူခံပုံးမှ ငွေကို လည်း မျက်ချေအပျက်ခံ၍ မရ။ မသမာသူတို့ သည် လစ်လျှင်လစ်ခြင်း အလှူခံပုံး ဖောက် တက်ကြသည် ။ ထို့ကြောင့် ခရက်ဒစ်ကဒ်နှင့် လှူနိုင်ရန် စီစဉ်နေခြင်း ဖြစ်သည်။ တစ်ခါ တစ်ခါ ဘုရား ကိုယ်တိုင်ပင် အခိုးခံရသည်။ အိန္ဒြေ အလွန်ပျက်လှ သည် ။ ထို့ကြောင့် ဘုရား ကိုယ်တိုင် အခိုးမခံရစေခြင်းအလို့ ငှာ စီကျူရ တီ ဝန်ထမ်းများ ငှားရပြန်သေးသည်။

ထို့ကြောင့် ဗုဒ္ဓသည် နေ့စဉ် နားရသည် ဟူ၍ မရှိ လောကီရေးရာ အဖြာဖြာဖြင့် အလုပ် ရှုပ်ရပေတော့သည် ။

{ကိုပြည့်}

{19.1.2018}




ဂယ်လီလီယိုဂယ်လီလီဟာအီတလီလူမျိုး နက္ခတ်ဗေဒပညာရှင်၊ သင်္ချာပညာရှင်၊ ရူပဗေဒ ပညာရှင်၊ အတွေးအခေါ်ပညာရှင်နဲ့ စကြဝဠာ လေ့လာမှု သမိုင်းကို ပြောင်းလဲပေးခဲ့တဲ့ ပရော်ဖက်ဆာကြီး တစ်ယောက်ဖြစ်ပါတယ်။ ပြီးတော့ သူဟာ တယ်လီစကုတ်ကို တည်ဆောက်ပြီးတော့ ကော့ပါးနီးကပ်စ် ရဲ့ နေဗဟိုပြု နေအဖွဲ့အစည်းသီအိုရီကိုလဲ ထောက်ကူ သက်သေ ပြခဲ့ပါတယ်။ ဒီလိုလုပ်တဲ့အတွက် သူ့ကို ခရစ်ယာန် ဘုရားကျောင်းများက အကြီးအကျယ် စိတ်ဆိုးပြီးတော့ ၂ ခါတိုင်တိုင် ဆွဲချက်တင်ခြင်း ခံခဲ့ရပါတယ်။

ဂယ်လီလီယိုဟာ ကျွန်တော်တို့ စကြဝဠာ လေ့လာရေးသမိုင်းကြောင်းကို ကြီးကြီးမားမား ပြောင်းလဲစေခဲ့ရုံသာမက ဘာသာရေးအယူသီးမှု အမှောင်ကြီးစိုးမှုများကို အခက်အခဲများကြားက ခုခံတိုက်ခိုက်လို့ အနစ်နာခံခဲ့သူတွေထဲက တစ်ယောက်ဖြစ်ပါတယ်။ သူဟာ သိပ္ပံပညာ သမိုင်းမှာ အရမ်းကို အရေးပါသူ တစ်ဦး ဖြစ်ပြီးတော့ ခေတ်သစ်ရူပဗေဒ ရဲ့ ဖခင်တစ်ဦး အဖြစ်ပါ မှတ်ယူကြပါတယ်။

## ဂယ်လီလီယိုနှင့် သူ၏ တယ်လီစကုတ်

ဂယ်လီလီယိုဟာ ဒတ်ချ်လူမျိုး မှန်ဘီလူး ပြုလုပ်သူတွေဆီကနေ ပညာအချို့ သိခဲ့ပြီး ၁၆၀၉ ခုနှစ် ဂျူလိုင်လမှာ သူ့ရဲ့ ကိုယ်ပိုင် တယ်လီစကုတ်ကို တည်ဆောက်ခဲ့ပါတယ်။ ဒီ တယ်လီစကုတ်ကို ဂယ်လီလီယိုကသင်္ဘောသား ကုန်သည်များဆီ ရောင်းချခဲ့ပြီး သူတို့ကလဲ အဝေးက သင်္ဘောများကို တွေ့ရှိနိုင်တဲ့အတွက် သဘောကျခဲ့ပါတယ်။ ပြီးတော့ အဲ့ဒီကရတဲ့ ထောက်ပံ့မှုတွေနဲ့ပဲ ဂယ်လီလီယိုဟာ တယ်လီစကုတ် အများအပြားကို ပြုလုပ်နိုင်ခဲ့ပါတယ်။

ဒီမှာ ကျွန်တော်တို့ မြင်နိုင်တဲ့အချက်က

အဲ့ဒီအချိန် တယ်လီစကုတ်ကို ပိုင်ဆိုင်ကြတာ ဂယ်လီလီယို တစ်ယောက်တည်း မဟုတ်တော့ပါဘူး။ လူပေါင်းများစွာ ပိုင်ဆိုင်ခဲ့ပါတယ်။ ဒါပေမယ့် အဓိက အရေးကြီးတာကတော့ တယ်လီစကုတ်ဆိုတဲ့ပစ္စည်းမဟုတ်ပဲ သူ့နောက်က ကြည့်နေတဲ့ မျက်လုံးနဲ့ ဦးနှောက်ပါပဲ။ အားလုံးက အဝေးမှ သင်္ဘောများ၊ ပစ္စည်းများ၊ တောင်တန်းများကို ကြည့်ရှုနေကြချိန် ဂယ်လီလီယိုက မိုးပေါ်ထောင်ပြီးတော့ ကြယ်တွေကို ကြည့်ရှုလိုက်ပါတယ်။

အဲ့ဒီလို ကြည့်လိုက်တဲ့အချိန်မှာ ဗီးနပ်စ်ဂြိုဟ်ကလည်း လလိုမျိုး အလင်းရောင် ကွယ်လိုက် ပြည့်လိုက် အခြေအနေမျိုးတွေ ဖြစ်နေတာကို သူက လေ့လာမိပါတယ်။ တကယ်လို့ သူကလည်း ကမ္ဘာကြီးကို လည်ပတ်နေမယ်ဆိုရင် အဲ့ဒီလိုဖြစ်မှာမဟုတ်ပါဘူး။ သူဟာ နေကို လည်ပတ်နေတဲ့အတွက်ပဲ ဖြစ်ရမယ်လို့ ဂယ်လီလီယိုက ကောက်ချက်ချခဲ့ပါတယ်။ ပြီးတော့ ဂျူပီတာဂြိုဟ်ရဲ့ ဘေးမှာ လည်ပတ်နေတဲ့ အရံလကြီး လေး ခုကိုလဲ တွေ့ရှိခဲ့ပါတယ်။

ဒီမှာပဲ နှစ်ပေါင်း ၂၀၀၀ ခန့်တည်မြဲခဲ့တဲ့ အရစ်တိုတယ် စကြဝဠာပုံစံဟာ ပျက်ယွင်းသွားခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ လူသားတို့တည်ရှိရာကမ္ဘာကြီးသာ စကြဝဠာကြီး တစ်ခုလုံးရဲ့ အလယ်ဗဟိုဖြစ်တယ်ဆိုတဲ့ ဘာသာရေးအယူဝါဒဟာလဲ စိန်ခေါ်ခံလိုက်ရပါတယ်။ ဒီအချိန်မှာပဲ ဘာသာရေးတို့ ထုံးစံအတိုင်း သူတို့နဲ့ မတူသူ၊ ဆန့်ကျင်သူကို ဒေါသတကြီး တုန့်ပြန်ပါတော့တယ်။

ဂယ်လီလီယိုဟာ အခြား ပစ္စည်းများ ရွေ့လျားမှုနဲ့ပတ်သက်ပြီး တွေ့ရှိမှု တစ်ရပ်ကို ပြုလုပ်နိုင်ခဲ့ပါသေးတယ်။ အရစ်တိုတယ်ရဲ့ ရူပဗေဒအရ လေးတဲ့ပစ္စည်းများဟာ ပိုပြီး မြန်မြန်ကျပြီး ပေါ့တဲ့ ပစ္စည်းများဟာ နှေးနှေး ကျတယ်လို့ဆိုပါတယ်။ ဒါကို ဂယ်လီလီယို က သူ့မွေးရပ်မြေမှာ ရှိတဲ့ ပီဇာမျှော်စင်မှာပဲ ပုံသဏ္ဍာန်တူညီတဲ့ သံလုံးနဲ့ သစ်သားလုံးကို ပစ်ချပြီး သူတို့ အတူတူကျကြောင်း သက်သေပြခဲ့ပါတယ်။ တကယ်တော့ မြန်မြန်ကျတယ် နှေးနှေးကျတယ်ဆိုတာ air resistance အပေါ်မှာပဲ မူတည်ပါတယ်။

(ကိုယ်ကိုယ်တိုင်လဲ လက်တွေ့ စမ်းသပ်ကြည့်နိုင်ပါတယ်။ စာရွက်အပိုင်းအစတစ်ခုကို ဖြဲယူလိုက်ပါ။ ပြီးတော့ စာအုပ်တစ်အုပ်ကို လက်မှာကိုင် အဲ့ဒီစာရွက်ကို တစ်ဖက်မှာကိုင်ပြီး ပစ်ချလိုက်ပါတယ်။ ဟုတ်ပါတယ်။ စာအုပ်က အရင်ကျပါတယ်။ သူက ပိုလေးလို့လို့ ထင်ကောင်း ထင်နိုင်ပါတယ်။ ဒါပေမယ့် နောက်တစ်ခါမှာ စာရွက်အပိုင်းအစကို စာအုပ် အပေါ်မှာ တင်ပြီး ပစ်ချကြည့်လိုက်ပါ။ သူတို့ အတူတူကျသွားတာကို တွေ့ရပါလိမ့်မယ်။ အဓိကက Air resistance ပါပဲ။)

**ဂယ်လီလီယိုနှင့် ဒေါသကြီးနေသော ဘုရားကျောင်း**

ဂယ်လီလီယိုဟာတယ်လီစကုတ်ကို တည်ဆောက်ပြီးမကြာခင် ၁၆၁၄ ခုနှစ်မှာ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးဟာ အခြား ဂြိုဟ်များနဲ့အတူ နေကို လှည့်ပတ်နေရတယ်ဆိုတာကို ပြောကြားခဲ့ပါတယ်။ ဒီအချိန်မှာ စကြဝဠာဖြစ်တည်မှုအပိုင်းမှာ အရစ်တိုတယ်ရဲ့ ဝါဒကို အခြေခံပြီး တည်ဆောက်ထားတဲ့ ကတ်သလစ်အယူဝါဒကို ဆန့်ကျင်ခဲ့ပါတယ်။

၁၆၁၃ ခုနှစ်မှာ ဂယ်လီလီယိုက သူအတည်ပြုလိုက်တဲ့ ကော့ပါးနီးကပ်စ် စကြဝဠာဟာ ကတ်သလစ်အယူဝါဒနဲ့ ဆန့်ကျင်နေပေမယ့် အမှန်ဖြစ်ကြောင်း၊ ကျွန်တော်တို့ ဒီထက်ပိုပြီးလေ့လာဖို့လိုအပ်ကြောင်း သူ့ရဲ့ ကျောင်းသား တစ်ယောက်ဆီ စာရေးခဲ့ပါတယ်။ မကြာခင်မှာ အဲ့ဒီစာဟာ ပြန့်နှံ့သွားပြီး ၁၆၁၆ ခုနှစ်မှာ ဘုရားကျောင်းက သူ့ရဲ့ စကြဝဠာအသစ်ဆိုင်ရာ အားထုတ်မှုများကို ရပ်တန့်ရမယ်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဂယ်လီလီယိုဟာ အဲ့ဒီသဘောတူညီချက်ကို (၇) နှစ်တိုင်တိုင် သဘောတူပြီး နေထိုင်ခဲ့ပါတယ်။

ပြီးတော့ ၁၆၂၃ ခုနှစ်မှာ ဂယ်လီလီယိုရဲ့ မိတ်ဆွေတစ်ဦးဖြစ်သူ Cardinal Maffeo Barberini ဟာ ပုပ်ရဟန်းမင်းကြီး Urban VIII အဖြစ်တင်မြှောက်ခြင်း ခံခဲ့ရပါတယ်။ အဲ့ဒီအခါမှာ ပုပ်ရဟန်းမင်းကြီးက ဂယ်လီလီယိုကို သူ့ရဲ့ လေ့လာမှုတွေ ပြန်လည်စတင်ဖို့ ပြောကြားခဲ့ပါတယ်။ ဒီလိုနဲ့ ဂယ်လီလီယိုဟာ ၁၆၃၂ ခုနှစ်မှာ Dialogue Concerning the Two Chief World Systems ဆိုတဲ့ စာအုပ်ကို ထုတ်ဝေခဲ့ပါတယ်။

အဲ့ဒီအခါမှာ ဘုရားကျောင်း အသင်းတော်ရဲ့ တုံ့ပြန်မှုဟာ မြန်ဆန်ခဲ့ပါတယ်။ ချက်ချင်းဆိုသလို ဂယ်လီလီယိုကို ရောမမြို့ဆီ ဆင့်ခေါ်ခဲ့ပါတယ်။ အဲ့ဒီမှာ ဂယ်လီလီယိုကို စစ်မေးမှုဟာ ၁၆၃၂ စက်တင်ဘာလကနေ ၁၆၃၃ ဇူလိုင်လအထိ ကြာမြင့်ခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ဂယ်လီလီယိုဟာ နှိပ်စက်ခံရဖို့အတွက် ခြိမ်းခြောက်ခြင်းများ ခံခဲ့ရပြီး သူ့ရဲ့ အသက်မသေခင်အချိန်အထိ နေအိမ်အကျယ်ချုပ်ထားဖို့ ပြစ်ဒဏ်ပေးခံခဲ့ရပါတယ်။

ဒါပေမယ့် အမှန်တရားဆိုတာ ဘာသာရေးပဲဖြစ်နေနေ ဘယ်လိုအရာ အောက်မှာ ဖြစ်ဖြစ် ကြာကြာ မြုပ်နေလေ့ မရှိပါဘူး။ မှန်ကန်တဲ့ သိပ္ပံပညာဟာ ၁၇၅၈ ခုနှစ်မှာ တရားဝင်လက်ခံခြင်း ခံခဲ့ရပြီး သိပ္ပံပညာရှင်များ အကျယ်တဝင့် စတင်လေ့လာခဲ့ပါတယ်။ ၁၈၃၅ ခုနှစ်မှာ ဘုရားကျောင်းက ကမ္ဘာဗဟိုပြုအယူဝါဒကို တရားဝင် စွန့်ပယ်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် (၂) ဟာ ဂယ်လီလီယိုကို ပြုမိခဲ့တဲ့ အပြုအမူများအတွက် ကတ်သလစ် ဘာသာအစား တရားဝင် တောင်းပန်ခဲ့ပါတယ်။

ဘာသာရေးကြီးစိုးရင် အမှန်တရားဟာ ကွယ်ပျောက်နေတတ်ပြီး သိပ္ပံပညာရှင်များ၊ လေ့လာ

သူများဟာလဲ အရာရာကို ပိတ်ပင်ခံထားကြရတတ်ပါတယ်။ တစ်ချိန်က ဘာသာရေးရဲ့ လက်ဝါးကြီးအုပ်မှုကြောင့်တိုးတက်မှု နှောင့်နှေးခဲ့တဲ့ အနောက်နိုင်ငံများဟာ ဘာသာရေးရဲ့ မှိုင်းရိပ်အောက်က လွတ်တာနဲ့ တစ်ဟုန်ထိုးတိုးတက်သွားခဲ့တာ အခုဆိုရင် ကျွန်တော်တို့ အရှေ့နိုင်ငံများနဲ့ ကမ္ဘာခြားသလိုကို ကွာဟသွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံလည်း အမှန်တရား လေ့လာတဲ့အခါမှာ တိကျတဲ့ သိပ္ပံပညာအသိညဏ်များကိုသာအားကိုးပြီးအရာ အားလုံးကို စဉ်းစားချင့်ချိန်နိုင်တဲ့ လူ့အဖွဲ့အစည်းအဖြစ်ပြောင်းလဲလာဖို့ မျှော်လင့်မိပါတယ်။

သာထက်အောင်

(Curiosity Science Magazine တည်ထောင်သူ)




အီဗော်လူးရှင်း ကို ဒီမှာတော့ ဆင့်ကဲပြောင်းလဲမှုလို့ ခေါ်ပါတယ် Evolution ကို သူတို့ ပေးထားတဲ့ definition ကတော့ descent with modification ပါတဲ့ descent ဆိုတာ ဆင်းသက် ပေါက်ဖွားတာ modification ကတော့ ပြုပြင်မွမ်းမံတာပါ ပြုပြင်မွမ်းမံမှုနဲ့အတူ ဆင်းသက်ပေါက်ဖွားတာ ဒီလိုလား ဒီတော့စကားလုံးတွေကတော့ စကားလုံးတွေပါ တကယ့်အခြေအနေမှာ ဘာဖြစ်နေလဲ သိဖို့လိုမှာပါ ဒီသီဝရီ ကို စတင်ခဲ့တဲ့သူအဖြစ် ချားလ်စ်ဒါဝင်ကို အသိအမှတ်ပြုကြပါတယ် ဒါပေမဲ့ သူ့မတိုင်ခင် က ဒီအိုင်ဒီယာ ကို လမ်းဘက် နဲ့ သူနဲ့အပြိုင်ဆိုရင် အဲလ်ဖရက် ရက်ဆဲ ဝေါလေ့စ် တို့ကတင်ပြခဲ့ပါတယ်။ ဒါပေမယ့် ဒါဝင်က ပိုပြီး သိပ္ပံအသိုင်းအဝိုင်းမှာ လွှမ်းမိုးနိုင်ပါတယ်။ ဒါကြောင့် သူ့ရဲ့ origin of species က ၁၉ ရာစု အလယ်မှာ အသိ ဉာဏ်အပြောင်းအလဲ တစ်ခုဖြစ်စေခဲ့ပါတယ်။

ဒါဝင်က တောင်အမေရိကတိုက်မှာရှိတဲ့ ဂလာပါဂို့စ်ကျွန်းတန်းတွေကို ၃ နှစ်ကျော် လေ့လာခဲ့ပါတယ် ဒီမှာ သတ္တဝါတွေဟာ တဖြည်းဖြည်းခြင်း ပြောင်းလဲတယ်ဆိုတဲ့ အထောက်အထား အတော်များများကို စုဆောင်းမိပါတယ် သူ့ပထမဆုံး စာအုပ်မှာ ဥပမာအနေနဲ့ ကုန်းနေနို့တိုက်သတ္တဝါ ဖြစ်တဲ့ ဝက်ဝံကရေနို့တိုက်သတ္တဝါ ဝေလငါးအဖြစ်ပြောင်းလဲပုံကိုဖော်ပြခဲ့ပါတယ် ဒါပေမယ့် ဒီ ကိစ္စမှာ အိုင်ဒီယာမှန်ပေမယ့် ရွေးထားတဲ့ တိရစ္ဆာန် မှားပါတယ် တကယ်တော့ ရေမြင်းလိုကောင်မျိုးက ပိုနီးစပ်တယ် လို့ အထောက်အထားတွေကဆိုပါတယ်

ဂလာပါဂို့စ်က အပြန်မှာ ဒါဝင်က ချက်ချင်းတော့ မထုတ်ဝေခဲ့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ evolution ကို ဖြစ်စေတဲ့ အနောက်က driving force မောင်းနှင်အား ကို စဉ်းစားမရလို့ပါ နောက်မှ သူငယ်ချင်း သင်္ချာပညာရှင်တယောက်ရဲ့ population dynamic အကြောင်းရေးထားတာကိုဖတ်မိရင်း natural selection အကြောင်းကို တွေးမိတယ် ဆိုပါတယ် ဒီမှာ သူရဲ့ fittest must survive ဆိုတဲ့အယူအဆ ပေါ်လာပြီး origin of species ကိုရေးနိုင်ခဲ့ပါတယ်။ ဒါက သမိုင်းကြောင်း ပေါ့ ဘာတွေဖြစ်နေတာလဲ

အဓိပ္ပါယ်ကဘာလဲ

ဒါဝင်ဆိုလိုချင်တာက ကမ္ဘာပေါ်မှာ ခုမြင်တွေ့ရသမျှ သတ္တဝါ အားလုံးဟာ common ancestor ခေါ်တဲ့ ဘိုးဘေးသက်ရှိ တစ်ခုထဲကဆင်းသက်လာတာပါ ဆိုလိုတာက ဝမ်းကွဲမောင်နှမတွေမှာ တူညီတဲ့ အဘိုး အဘွား ရှိသလိုပေါ့ ကမ္ဘာ ရဲ့ အစ မှာ ဒီ ancestor ဆိုတာ ကတော့ unicellular organism ပါ ဆဲလ်တခုပါ သတ္တဝါ ပေါ့ ကမ္ဘာရဲ့ သက်တမ်းဟာradio dating method အရ 4.5 billion years ရှိပါတယ် 3.5 billion years မှာ life စတင်ဖြစ်ပေါ်ပါတယ် ဒါကို abiogenesis လို့ ခေါ်ပါတယ် ဒီနောက်ပိုင်းတော့ သတ္တဝါတွေ ဟာ ကိုယ့် ပတ်ဝန်းကျင်မှာ ရှင်သန်ဖို့ ကြိုးစားရင်း ပတ်ဝန်းကျင်နဲ့ လိုက်ပြီး ပြောင်းလဲလာပါတယ် မျိုးဆက်ပေါင်း များစွာကြာတဲ့ အခါ ပတ်ဝန်း ကျင်မတူတဲ့ သတ္တဝါ ၂ ကောင် ဟာ လုံးဝ မတူတော့ပါဘူး။ ရေထဲမှာ နေတဲ့ငါးဟာ ဆူး တောင် ရှိလာပြီး လေထဲက ငှက်က တောင်ပံရှိ လာတယ် ကုန်းပေါ်က သတ္တဝါ က ခြေပေါက် လာတယ် ဒါက ပါတ်ဝန်းကျင်နဲ့ သင့်တင့် အောင်နေလို့ ကွဲပြားလာတဲ့ ပုံစံပါ fittest must survive ဆိုတာ ဒါပါပဲ ဒီမှာ fittest ဆိုတာ သန်မာတာ အားကြီးတာကိုဆိုလိုတာ မဟုတ်ပါ ပါတ်ဝန်းကျင်မှာ အံဝင်အောင် နေနိုင်ခြင်းကို ဆိုလိုတာပါ အဲလိုနေနိုင်တဲ့ သတ္တဝါက survive ဖြစ်တယ် ရှင်သန်တယ်ပေါ့ survive ဆိုတာက ဒီမှာ ရှင်သန်မှု တခုထဲမဟုတ်ပဲ နောက်မျိုး ဆက်ပြန့်ပွားပေးနိုင်တာ reproduction လဲပါပါတယ် ခုပြောနေတာက သတ္တဝါ တစ်ကောင်ချင်း အနေနဲ့မဟုတ်ဘဲ species တခု အနေနဲ့ ပြောနေတာကိုး natural selection ဆိုတာ ကတော့ ဒီနေရာမှာ စောစောကပြောတဲ့ ပတ်ဝန်းကျင်ဆိုတာကို nature လို့ပြောတာပါ ပတ်ဝန်းကျင်က ရွေးချယ်တယ်ပေါ့ ဘာကို ရွေးတာလဲဆိုတော့ fittest species ကို ရွေးတာပါ သူရွေးတဲ့ species က survive ဖြစ်တယ်ပေါ့ fittest မဖြစ်တဲ့ species ကတော့ မျိုးသုဉ်း extinction ဖြစ်သွားတာပေါ့ ဒါက ဒါဝင်ရဲ့ အိုင်ဒီယာ ပါ။

ဒီတော့ ကမ္ဘာပေါ်မှာ ရှိသမျှ သတ္တဝါ မျိုးစိတ်တိုင်းဟာ ဝမ်းကွဲ တော်ကြတာကြီးပါပဲ ဝေးတာနဲ့ နီးတာနဲ့ဒါပဲ ကွာပါတယ်။ ချန်ပန်ဇီနဲ့ လူဟာ တဝမ်းကွဲ တော်ပါတယ် လူနဲ့ ငှက်နဲ့ ဆိုရင်တော့ ဝမ်းကွဲ အတော်ဝေးဝေး တော်မှာပေါ့ လိုရင်းကတော့ သတ္တဝါ အားလုံးဟာ အစ တစ်ခုထဲက စပြီး ပါတ်ဝန်းကျင်ပေါ် လိုက်လို့ ပြောင်းလဲရာက လုံးဝမတူကြတော့တာပါ။

ဒါပေမဲ့ အမျိုးတော့တော်တယ် ဒါကို graphical representation နဲ့ ဆွေမျိုး ဇယားဆွဲပြီး ဒီဟာက သစ်ပင်ပုံနဲ့တူလို့ tree of life လို့ခေါ်ပါတယ်။ သိပ္ပံနည်းကျ နာမည်က cladogram ဝါ phylogenetic tree လို့ခေါ်ပါတယ်

အထက်ကပြောတဲ့အယူအဆ က ဒါဝင် ရဲ့ idea ပါ။ ဒါဝင်က ဒါကို သတ္တဝါ တွေရဲ့ အပြင်ပန်း ပုံသဏ္ဍာန် morphology ဝါ phenotype ကိုကြည့်ပြီး ခန့်မှန်းခဲ့ရတာပါ ဥပမာ အရိုး နာရွက် အရေပြား အရောင် စသဖြင့်ပေါ့ ဒါဝင်လက်ထက်က မျိုးဗီဇ gene ကို DNA က သယ်ဆောင်မှန်းမသိသေးပါဘူး ။ သက်ရှိရဲ့ အဓိက လက္ခဏာ တခုက မျိုးဆက်ပွားခြင်းဖြစ်ပြီး ဒီအခါမှာ မိဘက သားသမီးဆီကို သူတို့ ဗီဇတွေပေးပါတယ် ဒီဗီဇကို DNA မော်လီကျူးက သယ်တာပါ ဒီမော်လီကျူး က အထက်က ပြောတဲ့ အပြင်ပန်း ပုံစံ ကို တည်ဆောက်ပေးမယ့် protein တွေရဲ့ ဖွဲ့စည်းပုံ ကို code လုပ်ထားတဲ့ information တွေကို သယ်ဆောင်ပေးပါတယ်။ ယခုခါမှာ evolution ရဲ့ တိကျမှုကို gene frequency အားဖြင့် လေ့လာတာပါ ဒီအခါမှာ ဒါဝင်တုန်းက မတွေ့ခဲ့တဲ့ causes of evolution တွေကို သိလာပါတယ် ဒါတွေကတော့ mutation ဗီဇပြောင်းခြင်း။ ဗီဇပြောင်းတယ်ဆိုတာက DNA ရဲ့ မျိုးဗီဇစကားစုမှာ စကားလုံးစီ ပုံ ပြောင်းလဲသွားတာပါ by chance အရ ဖြစ်ပါ တယ် ကင်ဆာလိုအရာမျိုးက ဒါကြောင့် ဖြစ် တာပါ အများအားဖြင့် mutation ကမကောင်းပေမယ့် တခါတလေ ရှားရှားပါးပါး ပြောင်းလဲသွားတဲ့ဗီဇဟာ ပါတ်ဝန်းကျင်နဲ့ အံဝင်တဲ့ ဗီဇ ဖြစ်တတ်ပါတယ်ဒီအခါ မှာ species အသစ်အဖြစ် survive ဖြစ်ကျန်မှာပါ ခုပြောနေတာတွေက generation သုံးလေး ငါးခု မှာ ဖြစ်တဲ့ဖြစ်စဉ်ပါ

၂ migration ဒါ က မျိုးစိပ် တခု ရဲ့ population ထဲကို သူတို့နဲ့မတူတဲ့ gene အသစ်ပါတဲ့ မျိုးစိပ်တွေ ဝင်လာတာကို ခေါ်တာပါ သူ့ကို gene flow လဲခေါ်ပါတယ် ( စကားမစပ် အမေရိကန် ရဲ့ green card DV lottery နောက် က Idea က ဒီ gene flow ပါပဲဗျာ ကျွန်တော်တို့ဆီမှာတော့ မျိုးချစ် ဆိုပြီး အော်လို့ကောင်းတုန်း )


၃ genetic drift ဆိုပါစို့ အစိမ်းရောင် ပိုး ၃ ကောင်နဲ့ အဝါရောင် ပိုး

၃ ကောင်ရှိတယ် လူတယောက်က တက်နင်း လိုက်တာ အစိမ်း ၂ ကောင်သေသွားတယ် ဒီတော့ အဝါတွေ က ဆက်ပွားပေမဲ့ အစိမ်း ကတော့ ကြာလေ ရှားလေ ဖြစ်လာမယ် ဒါက genetic drift ကိုနားလည်အောင် ဥပမာပေးတာပါ တက်နင်းတယ် ဆိုတာက အစိမ်းနင်းမိသလို အဝါလည်းနင်းမိနိုင်ပါတယ် ဒါက random ပါ ဒါပေမဲ့ အဲrandom ကပဲ ဘယ်သူ ရှင်သန်မယ်ဆိုတာ ဆုံးဖြတ်ပါတယ်။ natural selection ဒါကတော့ ဒါဝင် idea ပါ ပိုးကောင် အစိမ်း နဲ့ အဝါ နေရာမှာ ငှက်တွေ ရှိတယ်ဆိုပါစို့ ငှက် က အစိမ်းကို မြင်လွယ် တယ် ပိုးကောင် အစိမ်းကိုစားတယ်။ ဒါဟာ ဒီပတ်ဝန်းကျင်မှာတော့ ပိုးအဝါ ကို nature ကရွေးပါတယ် သူရှင်ကျန်ဖို့ အခွင့်များတယ်ပေါ့

ခုအထက်က ပြောတဲ့ အချက်လေးခုက မျိုးစိတ်တွေကိုပြုပြင်မွမ်းမံပြောင်းလဲစေ ပြီး ကြာလာတာနဲ့အမျှ မျိုးစိပ်အသစ်တွေ ပေါ်ထွန်းလာ စေပါတယ် ရေမြင်းလိုရှေး ကုန်းသတ္တဝါက ဝေလငါးဖြစ်လာတယ်။ ရှေးမျောက်မျိုး ကနေ homo erectus ဖြစ်လာတယ်။ တွားသွား သတ္တဝါ lizard ကနေ ခြေတိုဝင်ပြီး မြွေဖြစ်လာတယ် ဒိုင်နိုဆော တွေက နေ ငှက်ဖြစ်လာတယ်။ ဒီသီဝရီ မှန်ကြောင်း ဘာတွေနဲ့ သက်သေပြလဲ? အများကြီးပါ ခုခါမှာတော့ အဓိက က gene study ပါ။

ပါ ကျောက်ဖြစ် ရုပ်ကြွင်းတွေကလည်း အထောက် အထား ရပါတယ် ဥပမာဆို ရှေးရေမြင်းကနေ ဝေလငါးဖြစ်ဖို့ရာ ကြားထဲက အဆင့်တွေရှိပါတယ်။ ဒီကြားက အကောင်တွေရဲ့ fossil ကိုရှာတွေ့တယ် နောက် gene mapping တွေရဲ့ တကောင် နဲ့တကောင် ကြားက ဆင်တူမှုရာနှုန်း ကိုစစ်ဆေး တယ် စသဖြင့်ပေါ့။ တကယ်တော့ ကမ္ဘာပေါ် မှာ homo ဆိုတဲ့ genus စပေါ်တာ 2.8 million years ပဲရှိပါသေးတယ်။ ဒီထဲကမှ homo erectus လိုဟာမျိုးက မျိုးသုဉ်းခဲ့ပါပြီ ခုခေတ်လူသားတွေဟာ homo sapiens အနွယ်ဖြစ်ပြီးသက်တမ်း ကတော့ နှစ် ၂၀၀ ၀၀၀ ကနေ နှစ် ၁၀၀ ၀၀၀ ကြားမှာ အာဖရိက ကနေ စတယ်လို့ ဆိုပါတယ်။ evolution နဲ့ ပတ်သတ်ပြီး တချို့ misconception အယူအဆ အမှားတွေ ကတော့ ဒါဟာ မျိုးစိတ်တွေကို ပိုကောင်းလာအောင်လုပ်ပေး တယ်ထင်တာပါ တကယ်တော့ လူသား ဟာ ကံကောင်းထောက်မ စွာ ဒီလို အသိဉာဏ်မြင့်တဲ့ အခြေအနေကို ရတာပါ nature နဲ့ အံမဝင်တဲ့ အချိန် ပျက်သုဉ်းရမှာပါ။ ဒီဘာသာရပ် တကယ် တော့ ပညာရပ်အတော်များများ ပါဝင်ပါတယ် ခုကတော့ အနီးစပ်ဆုံးရှင်း ရသလောက် ရှင်းပြတာပါ နားလည်မယ်လို့ယူဆပါတယ်။

python




ဂရယ်ဗတီကို ဒြပ်ဆွဲအားလို့ ပြန်ကြတယ်။ ဒါပေမယ့် ယေဘုယျ ရလေတစ်ဗတီကို ဖတ်ကြတဲ့အခါ အားဆိုတာထက် ဂရယ်ဗတီကို ဂရယ်ဗတီလို့ပဲ နားလည်တာ ကောင်းမယ်။

ဝတ္ထု တစ်ခုဆီဟာ ဟင်းလင်းပြင်အချိန် တစ်ခုစီ ပိုင်တယ်။ ကိုယ်ပိုင် နေရာ ရှိတယ်။ ကိုယ်ပိုင် အချိန်လည်း ရှိတယ်။ ကိုယ်ပိုင်နေရာဆိုတာ စကြဝဠာထဲမှာ နေရာ တစ်နေရာ ရှိနေတာပါ။ အဲ့ဒီ နေရာမှာ ကိုယ်ပိုင် အချိန် တစ်ခုလည်း ရှိနေပြန်တယ်။ ဒီတော့ ဝတ္ထု တစ်ခုစီတိုင်းမှာ နေရာအချိန် spacetime တစ်ခု ရှိနေတယ်လို့ ဆိုနိုင်ပါတယ်။

အဲ့ဒီ ဝတ္ထု တစ်ခုစီရဲ့ ကိုယ်ပိုင် နေရာဟာ တစ်ခြား ဝတ္ထုရဲ့ နေရာကနေ ကြည့်ရင် သူတို့ကြား ကွာခြားတဲ့ အလျင်ပမာဏပေါ် မူတည်ပြီး ရှုံ့ချည် နှပ်ချည်ဖြစ် တတ်တယ်လို့ လောရင့် အလိုက် ပြောင်းအရ သိ ရပါတယ်။ လောရင့်အရ ဒြပ်ထုနဲ့ အချိန်ဟာလည်း ထိုနည်း လည်းကောင်းပါ။ ဝတ္ထု ၂ ခု နေရာ တစ်နေရာ စီကနေ ကြည့်တဲ့ ဒီလို နှိုင်းယှဉ်မှုမှာ အလင်းကို နှိုင်းယှဉ်ကြည့်လို့ မရတာဖြစ်လို့ စံထားကိန်းသေ speed of causality အဖြစ်နဲ့ ထည့်သွင်းထားတယ်။

နောက်ပိုင်းတော့ အထူးရလေတစ်ဗတီမှာ အိုင်းစတိုင်းက မင်ကောစကီးရဲ့ လေးဘက်တိုင်း အယူအဆနဲ့ လောရင့် အပြောင်းပေါ်အခြေခံပြီး နေရာ အချိန် အဖြစ် တစ်ခုတည်း ယူခဲ့ပါတယ်။ ဝတ္ထု တစ်ခုစီတိုင်းဟာ စကြဝဠာရဲ့ တစ်ပိုင်းတစ်ဒေသကို ပိုင်ဆိုင်ကြတယ်။ အဲ့ဒါကတော့ နေရာအချိန်ပဲ။ စကြဝဠာထဲမှာ ကျွန်တော်တို့မှာ ကိုယ်ပိုင် နေရာအချိန် ရှိတယ်။

အမွှာ ၂ ယောက် တစ်ယောက်က အလျင် မြန်မြန်နဲ့သွားရင် သူ့ရဲ့ ကိုယ်ပိုင်အချိန်ဟာ ရပ်နေတဲ့ အမွှာထက် စာရင် နှေးနေ လိမ့်မယ်။ အဲ့ဒီလို တစ်ယောက်က အလျင်တစ်ခုနဲ့ မြန်မြန်သွားနေတုန်း ရပ်ကျန်နေတဲ့ တစ်ယောက်က ကမ္ဘာကနေ အလျင်နဲ့ သွားနေတဲ့ တစ်ယောက်ရဲ့ ယာဉ်ကို ကြည့်လိုက်ပါ။ အလျား တိုလွန်းနေတာကို တွေ့ရမယ်။ မျက်စိရဲ့ လှည့်စားမှု မဟုတ်ဘဲ ရပ်နေတဲ့ တစ်ယောက်ရဲ့ ဟင်းလင်းပြင်နေရာနဲ့ ယှဉ်ရင် ပြေးနေတဲ့ တစ်ယောက်ရဲ့ ဟင်းလင်းပြင်နေရာက တိုနေတာသာ ဖြစ်ပါတယ်။

ဒါ့အပြင် တယ်လီစကုပ် ကောင်းကောင်းနဲ့ ကြည့်လိုက်ပါ။ ပြေးနေတဲ့ တစ်ယောက်ရဲ့ နာရီဟာ တဖြည်းဖြည်းပဲ လည်နေတာကို တွေ့ရမှာပါ။

အထူး ရလေတစ်ဗတီမှာ နေရာအချိန် နှိုင်းယှဉ်ယူဆတဲ့ အချက်တွေကို လူအများက လက်ခံကြပါတယ်။ ဒါပေမယ့် ယေဘုယျ ရလေတစ်ဗတီရဲ့ နှိုင်းယှဉ်ယူဆချက်တွေကတော့ ဝိဝါဒ ကွဲစရာတွေ အများသားပါ။

ယေဘုယျ ရလေတစ်ဗတီက ဆိုတဲ့အတိုင်း ပိုပြီးတော့ ယေဘုယျ ဆန်ပါတယ်။ ဒြပ်ဆွဲအားဆိုတဲ့ ဂရယ်ဗတီကို ထည့်သွင်းလိုက်တာပါ။ ဂရယ်ဗတီဆိုတာလည်း စကြဝဠာမှာ ကိုယ်ပိုင် နေရာအချိန် တစ်ခုစီယူထားတဲ့ ဝတ္ထုတွေရဲ့ အပြန်အလှန် သက်ရောက်မှု တစ်ခုပါပဲလို့ ယူဆပါတယ်။

နယူတန်ရဲ့ ဒြပ်ဆွဲအား နိယာမဟာ ဝတ္ထု ၂ ခုကြား အကွာအဝေးပေါ် မူတည်ပါတယ်။ အိုင်းစတိုင်းက အားသက်ရောက်တာ အစား တစ်ခုရဲ့ နေရာအချိန်ဟာ နောက်တစ်ခုပေါ် ကွေးသွား ညွတ်သွားတာလို့ ဆိုပါတယ်။ စကြဝဠာထဲမှာပဲ နေရာအချိန်တွေ အချင်းချင်း ကွေးညွတ်မှုတွေ ဖြစ်စေတာပါ။ ဒီလို ကွေးညွတ်မှုတွေက စကြဝဠာထဲမှာ ဖြစ်လို့ စကြဝဠာကို ပုံပျက်စေပါတယ်။ ဒြပ်ရှိရင် ကွေးညွတ်မှု ရှိပြီး ကွေးညွတ်မှုရှိတိုင်း စကြဝဠာ ပုံပျက်ပါတယ်။

စကြဝဠာရဲ့ တစ်ပိုင်းတစ်စိတ်အဖြစ် ဝတ္ထုတိုင်းဟာ နေရာအချိန် တစ်ခုစီကို ပိုင်ဆိုင်ကြပြီး နေရာအချိန်ဟာ သူတို့ရဲ့ အလျင်ပေါ် မူတည်နေတယ်လို့ ဆိုခဲ့ပါပြီ။ အခုလည်း နေရာအချိန်ဟာ ဒြပ်အပေါ် မူတည်တယ်လို့ ဆိုပြန်ပါပြီ။ နောက်ထပ် ဆိုရန်ရှိပါသေးတယ်။ စွမ်းအင်ဖြစ်ပါတယ်။ စွမ်းအင် ပေါ်လည်းမူတည်ပါတယ်။ ဒြပ်နဲ့ စွမ်းအင်ဟာ အဆက်အစပ် ရှိလို့ပါ။ ကျွန်တော်တို့ဟာ အစားအစာ ဆိုတဲ့ ဒြပ်ကို စားသုံးလို့ အာဟာရဆိုတဲ့ စွမ်းအင်ကို ပြန်ရတာ မဟုတ်ဘူးလား။ ဒါပေမယ့် ဒြပ်ဟာ တည်မြဲသလား။ မတည်မြဲပါ။ သူလည်း အလျင်ပေါ် မူတည်ပြီး အရွေ့စွမ်းအင်နဲ့အတူ တိုးပွားလာတတ်ပါတယ်။

ကိုယ်ပိုင်ဒြပ်နဲ့ ကိုယ်ပိုင်နေရာအချိန်နဲ့ စကြဝဠာ ပုံပျက်မှု ဆိုတာတွေက သာမန်စာဖတ်သူကို စိတ်ထဲမှာ ကသိကအောက် ဖြစ်စေကောင်း ဖြစ်စေနိုင်ပါတယ်။ ဒါပေမယ့် ကွေးညွတ်တင်ဆာ၊ စကြဝဠာကိန်းသေ၊ ဗက်တာဟင်းလင်းပြင် စတဲ့ သင်္ချာ အသုံးအနှုန်း များနဲ့ ညီမျှခြင်းများက ပိုလို့ ရှုပ်ယှက်ခတ်တာမို့ ဒီလောက်ကို သည်းခံနိုင်ဖို့ မျှော်လင့်ပြီး ဥပမာ ပေးကြည့်ပါမယ်။

တင်းပြီး ပြားနေတဲ့ ရာဘာပြား တစ်ပြား ဆိုပါစို့။ ဘောဆံလေး တင်လိုက်မယ်။ ဒြပ်ကြောင့် အနည်းငယ် မသိမသာလေး ပြားနေတာလေးက ကွေးသွားမယ်။ ဒါပေမယ့် ဒြပ်ကငယ်နေတော့ မသိသာပါ။ သံလုံးဟဲဗီးကြီး တင်လိုက်မယ်။ ဒြပ်ကကြီးတော့ အိခနဲပဲ။ ကွေးသွားမယ်။ ခုနကဘောဆံလေးလည်း အဲ့ဒီ အကွေးလမ်းကြောင်းအတိုင်း သံလုံးကြီးကို ပြေးကပ်လို့။ ဒါက သံလုံးမှာ ဒြပ်ဆွဲအား ရှိတာ မဟုတ်ဘူး။ သံလုံးရဲ့ ဒြပ်ကြောင့် ဖြစ်တဲ့ သံလုံးရဲ့ နေရာအချိန် ကွေးညွတ်မှုက စကြဝဠာဆိုတဲ့ ရော်ဘာပြားကို ပုံပျက်စေပြီး လမ်းကြောင်း တစ်ခုလို ဖြစ်သွားစေတယ်။ ဘောဆံလေးရဲ့ နေရာအချိန်ဟာ သံလုံးရဲ့ နေရာအချိန်ဆီကို အဲ့လမ်းကြောင်း အတိုင်းပဲ ကွေးညွတ် ဝင်သွားတာပါ။

ကွေးလို့ ညွတ်လို့ စကြဝဠာ ပုံပျက်ပါတယ်။ ဒါကို မညီညာတဲ့ မြေပြင်ပေါ်က ဂေါ်လီလုံး အနေနဲ့ မြင်ကြည့်ပါ။ မညီညာတဲ့ မြေပြင်ပေါ်မှာ ဂေါ်လီလိမ့်တဲ့အခါ မညီညာလို့ ခွက်နေတဲ့ လမ်းကြောင်းအတိုင်း သွားပါတယ်။ ဒါကို အနီးကပ် ကြည့်သူသာ မြင်ရပါတယ်။ အဝေးက ကြည့်သူကတော့ မြေပြင်က အားတစ်ခု သက်ရောက်နေတယ်ပဲ မြင်မှာပါ။ အနီးကပ်

ကြည့်သူဟာ အိုင်းစတိုင်းပါ။ အဝေးကကြည့်သူဟာ နယူတန်ပါ။ ဒီလို နေရာအချိန်တွေ ကွေးလို့ ညွတ်လို့ စကြဝဠာ ပုံပျက်တော့ ဖြစ်လာတဲ့ လမ်းကြောင်း အတိုင်း ဝတ္ထုတွေ သွားကြပါတယ်။ ဒြပ်ဆွဲတယ် ဆို တာထက် ဟင်းလင်းပြင်ထည်ကြီးရဲ့ ပုံပျက်မှုကြောင့် ဖြစ်လာတဲ့ လမ်းကြောင်းတွေပေါ် သွားတယ်ဆိုတာကို ရှင်းလင်း သွားလောက်ပြီလို့ မျှော်လင့်ပါတယ်။

နေရာအချိန် ကွေးညွတ်တယ် ဆိုတာ ဒြပ်ဆွဲလို့ ဆိုတော့ အကွာအဝေးအပေါ် မမှီခိုဘူးလား ဆိုတော့ မှီခိုပါတယ်။ သတ်မှတ်ထားတဲ့ အကွာအဝေး အဝန်း အဝိုင်းထဲ ဝင်မှသာ ဒြပ်ဆွဲတာ ခံစားရမှာပါ။ ရော်ဘာ ပြားကိုပဲ ပြန်စဉ်းစားကြည့်ပါ။ သံလုံးကြီးရဲ့ ဒြပ် ကြောင့် ကွေးသွား ညွတ်သွားတဲ့ သူ့ရဲ့ နေရာအချိန် တစ်နည်း ရော်ဘာပြား အပိုင်းလေးထဲသာ ဘောဆံ လေး မရှိရင် ဘောဆံဟာ သံလုံးဆီ ပြေးမကပ်ပါ။ ဘာလို့လဲ။ လမ်းကြောင်းထဲမှ မရောက်တာ။ ရာ ဘာပြားက အကျယ်ကြီးပဲ မဟုတ်ပါလား။

နေရာအချိန် ကွေးညွတ်တယ် ဆိုရာမှာ နေရာ ကွေးတာတော့ ပြီးပြီ။ အချိန် ကွေးတာက ဘယ်လိုလဲ လို့ မေးစရာရှိပါသေးတယ်။ အချိန် နှေးသွားတာပါ။

နေရာနဲ့ အချိန်ဟာတစ်သားတည်းပဲ။ ဒါကြောင့် ဒြပ်နည်းတဲ့ ဝတ္ထုရဲ့ နေရာအချိန်ဟာ ဒြပ်များတဲ့ ဝတ္ထုရဲ့ နေရာအချိန်ဆီ ကွေးညွတ်တယ် ဆိုတော့ နေရာတင် မဟုတ်ပါ။ အချိန်လည်း ကွေးညွတ်ပါတယ်။ ရှေ့က ဆိုခဲ့တဲ့အတိုင်း စည်းတစ်ခုကို ကျော်သွားလို့ ဒြပ်နည်းတဲ့ ကောင်က အဆွဲခံရ ( နေရာအချိန် အကွေး ခံရ ) တာပါ။

ဥပမာ A နဲ့ B ပေါ့။ B က A ထက် ဒြပ်ထုများတယ်။ ဒါဆို A ကို ဆွဲမှာပဲလေ။ ( A ရဲ့ နေရာအချိန် B ဆီကို ကွေးမှာပဲ။ ) B က သိပ်ကို ဒြပ်ထု များပြီ ဆိုရင် B ရဲ့ နေရာအချိန် ကွေးမှုက သိပ်ကို များသွားပြီးတော့ တော်တော် ကွေးသွားမယ်။ တော်တော် ကွေးသွားတယ် ဆိုတာ ချိုင့်ကြီးနဲ့ တူတယ်။ ချိုင့် နက်လေလေ ပြန်တက်ရခက် လေလေ လိုပဲ A အနေနဲ့ B ကနေ ခွာပြီး ထွက်နိုင်ဖို့ တော်တော် အားစိုက်ရမယ်။ အားဆိုတာ အရှိန်ပဲလေ။ အရှိန် တော်တော် တင်ပေးမှ A အနေနဲ့ B ရဲ့ နေရာအချိန် အကွေးအညွတ် ကနေ ရုန်းထွက်နိုင်မှာပါ။ ဒီမှာ မေးစရာက အရှိန်ဆိုတာ ဘာလဲ။ အရှိန်ဆိုတာ တစ်စက္ကန့်မှာ အလျင် တစ်ယူနစ် ပြောင်းနှုန်းပါ။ မူသေအလျင်နဲ့ မောင်းနေတဲ့ ကားဟာ ရုတ်တရက် လီဗာတင်လိုက်ရင် အရှိန်ရပါတယ်။

ဒြပ်ထု ကြီးတဲ့ကောင်ရဲ့ နေရာအချိန် အကွေး ကနေ ငယ်တဲ့ကောင်က ရုန်းထွက်တယ် ဆိုတဲ့ နေရာ မှာ လွယ်ကူ၏ မလွယ်ကူ၏ဟာ ဒြပ်ထုကြီးတဲ့ ကောင်ရဲ့ ဒြပ်ထုနဲ့ ဒြပ်ထုငယ်တဲ့ကောင် စိုက်ထုတ်တဲ့ အရှိန်ပေါ် မှီခိုတယ်။ ဒါကို Equivalence Principle လို့ ခေါ်ပါတယ်။ အပေါ်ကို တက်တဲ့ အရှိန်နဲ့ အောက် ကို ဆွဲချနေတဲ့ ဂရယ်ဗတီ အတူတူပဲလို့ ဒီနိယာမက ဆိုပါတယ်။

အာကာသထဲ မြောနေတဲ့ ဓာတ်လှေကား တစ်စီး ပေါ် တက်စီးတယ်။ ဓာတ်လှေကားက မြောနေတော့ လူလည်း မြောနေမှာပဲ။ ဘာသက်ရောက်မှုမှ မရှိဘူး။ အကုန် မူသေအလျင်နဲ့ ရွေ့နေတယ်။ ( ဒါကို အီနားရှား အခြေအနေလို့ ခေါ်ပါတယ်။ ) အဲ့အချိန် ဓာတ်လှေကား အောက်ကနေ စူပါမင်းက တွန်းလိုက်မယ်။ ဗိုးခနဲ ဓာတ်လှေကား တက်သွားမယ်။ ဓာတ်လှေကားထဲက လူဟာ ဘာကို ခံစားရမလဲ။ မူလက လွတ်လပ်စွာ ရွေ့လျားနေကြရာက အောက်ကနေ သူတို့ကို ဆွဲနေတဲ့ အားတစ်ခု ရှိတယ်လို့ ခံစားသွားရမယ်။ ဒါကို သူတို့က ခေါ်လိုက်တယ်။ ဒြပ်ဆွဲအားတဲ့။ ဘာမှန်းမသိတဲ့ သက်ရောက်မှုကို အားလို့ ခေါ်လိုက်တယ်။

ဒီလို ဓာတ်လှေကား ကြမ်းပြင်ပေါ် သူတို့တတွေ ရပ်နေနိုင်တာက ကမ္ဘာမှာဆို ကမ္ဘာရဲ့ နေရာအချိန် အကွေးထဲ သူတို့ရဲ့ နေရာအချိန်တွေ ရောက်နေတာနဲ့ အတူတူပဲ။

ဒါဆို ဒြပ်ဆွဲအား ( ဝါ ) နေရာအချိန်အကွေးဟာ အပေါ်ဘက် ဦးတည်တဲ့ အရှိန်နဲ့ အတူတူပဲပေါ့။ ဒြပ်ထု သိပ်ကို ကြီးသွားပြီ ဆိုရင် နေရာအချိန် အကွေးဟာ သိပ်ကိုများသွားပြီ။ ဒါဆို ဒြပ်ထုကြီးတဲ့ ကောင်ရဲ့ အဆွဲမခံချင်ရင် ရုန်းထွက်ဖို့ဆိုတာ သိပ်ကို များတဲ့ အရှိန် လိုအပ်ပြီ။

နေရာအချိန်ကွေးတာ များလေလေ လွတ်ဖို့ အရှိန် ပိုလိုအပ်လေလေပဲ။ ဒြပ်ထုကြီးတဲ့ B ဆီ A က ပိုချဉ်းကပ်လာလေလေ လွတ်ဖို့အရှိန် ပိုလိုအပ်လေပဲ။ ဒါ့အပြင် A ရဲ့ နေရာအချိန်ဟာ B ဆီ ကွေးသွားတာ ဖြစ်လို့ A အတွက် အချိန်ဟာ ပိုပို နှေးလာမယ်။ ပုံကို ကြည့်ပါ။

အတွေးစမ်းသပ်မှု လုပ်ကြည့်မယ်။ အချိန်ဟာ ကမ္ဘာပေါ်မှာနဲ့ နေပေါ်မှာ ကုန်တာ မတူဘူး။ ကမ္ဘာ ပေါ်က လူတစ်ယောက်က နေပေါ်က လူတစ်ယောက်ရဲ့ နာရီကို ကြည့်နေမယ် ဆိုပါစို့။ အချိန်ဟာ နှေးနေမယ်။ ဒီထက်ပိုချင်သေးတယ်။ တခြား ပိုလေးတဲ့ ကြယ်ပေါ် က လူကို ကြည့်မယ်။ ပိုနှေးနေမယ်။ တွင်းနက်ထဲကလူ ဆိုရင်ရော ပိုဆိုးသွားပြီ။ ကမ္ဘာပေါ်က လူအတွက်တော့ တွင်းနက်ထဲက လူက အချိန် ကုန်ကို မကုန်နိုင်သလိုပဲ။

တွင်းနက် ဆိုတာ အလင်းတောင် ပြန်မထွက် နိုင်တော့ လောက်အောင် ဒြပ်ဆွဲအား များတဲ့ နေရာ။ တွင်းနက်ရဲ့ နေရာအချိန် ကွေးမှုဟာ အတော်ကြီး များတော့ သူ့ဆီက ပြန်ထွက်ဖို့ အရှိန်အတော်များများ လိုမယ်။ အဲ့ဒီ အရှိန် တော်တော် များများ ဆိုတာကို ရဖို့က အလင်းထက်အရင် မြန်ရမယ်။

အလင်းအလျင်ဆိုတာ အမြန်ဆုံး ကိန်းသေ။ ဒီ အလင်းဟာ စကြဝဠာအနှံ့ ခုန်ကစားနေရာက တွင်းနက်ထဲ ကျတဲ့အခါ သူ့အလျင်က စကြဝဠာရဲ့ အကန့်အသတ် အလျင် ဖြစ်နေတယ်။ အရှိန် ရမှ ထွက်နိုင်မှာ။ အရှိန်ရဖို့ ဆိုတာလည်း အလင်းအလျင် ထက်တင်လိုက်မှ ရမှာ။ အလင်းအလျင်ဟာ speed of caulisity ဆိုတော့ ဒီထက်မြန်တာနဲ့ အချိန်တွေ အနုတ်ကိန်းပြကုန်မှာ။ အတိတ်တွေတောင် ပြန်ရောက် ကုန်မှာ။ ဒီလို ဖြစ်ရတာ ဘာလို့လဲ။ တွင်းနက်ထဲမှာ ဒြပ်ထု အနန္တရှိတဲ့ ကြောင်မှတ် singularity ရှိနေလို့ပါ။ ဒီကြောင်မှတ်မှာ ရူပဗေဒ စည်းမျဉ်းတွေ အကုန် ပျက်စီးသွားပြီ။

ဒါ အိုင်းစတိုင်းရဲ့ အလိုပါ။ သူ့ရဲ့ မူလ ရလေ တစ်ဗတီ အရပါ။ နောက်ပိုင်း ဟောဇင်ဘတ်ရဲ့ မရေရာမှု နိယာမ အဟုန်နဲ့ အချိန် တပြိုင်နက် မသိနိုင်ပါ ဆိုတဲ့ နိယာမကို ထည့်စဉ်းစားမယ် ဆိုရင် အမှုန်တွေရဲ့ မရေရာမှုအရ တွင်းနက်တွေမှာ ဖြာထွက်မှု တချို့ ရှိနေတာ သိနိုင်ပါတယ်။ ဖြာထွက်မှု ? ဖြာထွက်မှု ဆိုတာနဲ့ နောက်ထပ် တွေးစရာတွေက အပူသာမို ဒိုင်းနမစ် ကွမ်တန်မက္ကင်းနစ်တွေပါ။

လတ်တလောတော့ အိုင်းစတိုင်းရဲ့ မူလ လက်ဟောင်း ယေဘုယျ ရလေတစ်ဗတီကို ဒီမှာပဲ ရပ်ဆိုင်းပါမယ်။

သူရအောင်